
# စက်မှုအလင်း ဂျာနယ်

**Beacon of Industry**

Vol.4, No.13- Aug 15 , 2019 | www.moin.gov.mm | စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။


## ZF 9HP48 Automatic Gearbox အကြောင်း သိကောင်းစရာ

စာမျက်နှာ - ၄







## မှတ်ဉာဏ်ကောင်းစေတဲ့ အမူအကျင့်များ

စာမျက်နှာ - ၁၂



ဘွဲ့လက်မှတ်သည် စာတွေ့ကိုသာ ကိုယ်စားပြုပါလိမ့်မည်။ စာတွေ့ကို လက်တွေ့နှင့်ပေါင်းစပ်နိုင်မှသာ ပညာ၏အနှစ်သာရကို ချဉ်းကပ်နားလည်နိုင်ပါလိမ့်မည်။ လက်တွေ့မပါသော စာတွေ့၊ စာတွေ့မပါသော လက်တွေ့သည် ပညာနှင့်အလှမ်းဝေးနေဦးမည်သာ ဖြစ်ပါသည်။

စာမျက်နှာ - ၁၄



Photo - Internet

## ရန်ကုန်မြို့အတွင်း လုံခြုံရေးအတွက် စီစီတီဗီနည်းပညာသုံးပြီး ဆောင်ရွက်သွားမည်ဟုဆို

စာမျက်နှာ - ၁၃

## IT Challenges for MSME Business ဆွေးနွေးပွဲသို့ အခမဲ့တက်ရောက်နိုင်

စာမျက်နှာ - ၈

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အရေးပေါ်ကုသမှုဌာနများ အဆင့်မြှင့်တင် ဖွင့်လှစ်ပေးမည်

စာမျက်နှာ - ၁၅

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# တရုတ်-မြန်မာ စီးပွားရေးစကြံ်ကုန်ထုတ်စွမ်းအားနှင့်ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ ပထမအကြိမ်အစည်းအဝေး ကျင်းပ



***တရုတ်-မြန်မာစီးပွားရေး စကြံ်ကုန်ထုတ်စွမ်းအားနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ ပထမအကြိမ်အစည်းအဝေးအား*** ဩဂုတ်လ ၁ ရက်နေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) ၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင် ဦးဆောင်သောလုပ်ငန်းအဖွဲ့ဝင်များ၊ ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၉ ဦးနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဦးဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (National Development and Reform Commission-NDRC ) မှ ကိုယ်စားလှယ် ၁၃ ဦး တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် စီးပွားရေးစကြံ်ကုန်ထုတ်စွမ်းအားနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေးလုပ်ငန်းစဉ်များ၊ တရုတ်-မြန်မာနှစ်နိုင်ငံအကြား စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြင့်တင်နိုင်ရေး၊ ကုန်ထုတ်စွမ်းအားစုများ မြင့်တင်နိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ရန်ကဏ္ဍများ ရွေးချယ်နိုင်ရေး၊ စကြံ်တစ်လျှောက် စက်မှုဇုန်များထူထောင်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြင့်တင်နိုင်ရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

## လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၉) သင်တန်းဆင်း

လျှပ်စစ်ကျွမ်းကျင်မှုအခြေခံ သင်တန်း အမှတ်စဉ် (၁/၂၀၁၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင်လ ၁၂ ရက်နေ့၊ နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ လျှပ်စစ်စစ်ဆေးရေး ဓာတ်ခွဲခန်းနှင့် လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်၊ လျှပ်စစ်စစ်ဆေးရေးဌာနမှ အငြိမ်းစားဆရာကြီးများ၊ လျှပ်စစ်စစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမျိုးထိုက်၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့မှ အရာထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးမှ စစ်ဆေးရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ သင်တန်းဆရာ/ ဆရာမများ၊ သင်တန်းသား/သင်တန်းသူ ၁၀၉ ဦး အပါအဝင် စုစုပေါင်းအင်အား ၁၂၅ ဦး တက်ရောက်ခဲ့ကြသည်။



စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (လျှပ်စစ်/ဘွိုင်လာ) ဦးစိုးမိုးကျော်က
သင်တန်းတွင် ပထမဆုရရှိသော မောင်ဇော်ဝင်းထွန်းအား ဆုချီးမြှင့်စဉ်။

သင်တန်းဆင်းပွဲ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (လျှပ်စစ်/ဘွိုင်လာ) ဦးစိုးမိုးကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကာ လျှပ်စစ်စစ်ဆေးရေးဌာနမှညွှန်ကြားရေးမှူး ဒေါက်တာမျိုးထိုက်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းအား ရက်သတ္တ ၆ ပတ်ကြာဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး သင်တန်းသား/သင်တန်းသူများအား လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်နည်းပညာများပိုမိုသိရှိလာစေရန်၊ လျှပ်စစ်လုပ်ငန်းများအား အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်လာနိုင်စေရန်နှင့် လျှပ်စစ်ပညာတတ်ကျွမ်းနားလည်သော လျှပ်စစ်ကျွမ်းကျင်သူများ မွေးထုတ်ပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ တစ်နှစ်လျှင် (၂) ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ ယခုသင်တန်းအပါအဝင် (၄၂) ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား/သင်တန်းသူ ၃,၄၉၇ ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

❏

## ကျွမ်းကျင်မှုအခြေပြုကာလတို အခြေခံဂဟေဆက်သင်တန်းဖွင့်

စက်မှုဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ( ADB/JFPR -Japan Fund for Poverty Reduction ) တို့ ပူးပေါင်း၍ EYE ( Equipping Youth for Employment ) Project ဖြင့်ဖွင့်လှစ်သည့် ***( Competency Based Modular Short Course ) ကျွမ်းကျင်မှုအခြေပြုကာလတို အခြေခံဂဟေဆက်သင်တန်း***၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ၌ ဇူလိုင်လ ၁၅ ရက်နေ့၊ နံနက် ၉ နာရီတွင် ကျင်းပခဲ့ရာ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး ဦးကျော်စွာဦးက သင်တန်းဖွင့်အမှာစကားပြောကြားဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ သင်တန်းကျောင်းမှကျောင်းအုပ်ကြီး၊ ကျောင်းအုပ်၊ ဌာနမှူးများ၊ နည်းပြဆရာ/ဆရာမများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းသား ၂၄ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။




**RESOURCES ARE LIMITED.**
**CREATIVITY IS UNLIMITED.**

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

# ZF 9HP48 Automatic Gearbox အကြောင်းသိကောင်းစရာ

အပိုင်း(၂)

တူးတူးမာ


မျက်နှာဖုံးမှ-

**ယခင်အပတ်မှအဆက် –**

***ZF 9HP48 Automatic Gearbox တည်ဆောက်ပုံနှင့်လုပ်ငန်းလုပ်ဆောင်ပုံများ***

***လုပ်ငန်းလုပ်ဆောင်ပုံ***

ZF 9HP48 Automatic Gearbox ၏ Transmission Operation ကို TCM ( Transmission Control Module ) ဖြင့် ထိန်းချုပ်လုပ်ဆောင်ပါသည်။ ၎င်းသည် Transmission Selection ကို Control လုပ်ရန်အတွက် အမျိုးမျိုးသော Solenoid တို့ကို Electrically Activate ပြုလုပ်ပေးရပါသည်။ ထို့ကြောင့် Sequence of Solenoid Activation သည် TCM Memory တွင်ပါရှိသော Programmed Information နှင့် Transmission Operating Conditions ( Vehicle Speed, Throttle Position, Engine Load နှင့် Rotary TCS- Transmission Control Switch ) တို့ပေါ်တွင်အခြေပြု၍ လုပ်ဆောင်ခြင်းဖြစ်ပါသည်။




**Rotary TCS – transmission control switch**

Engine Torque သည် Clutch Combinations Operation မှတစ်ဆင့် Planetary Gear Trains သို့ ရောက်ရှိပါသည်။ Transmission ဖြစ်စဉ်တွင် Brakes နှင့် Clutches တို့၏ Reactionary Inputs အရ Gear Trains သည် Forward Gears ၉ ခုနှင့် Reverse Gear ၁ ခုတို့ကို ဖြစ်ပေါ်စေပါသည်။

Shift Elements များဖြစ်သည့် Clutches နှင့် Brakes များကို Hydraulic Power ဖြင့် လုပ်ဆောင်စေခြင်းဖြစ်ပြီး သက်ဆိုင်ရာ Clutch (သို့) Brake သို့ Fluid Pressure သက်ရောက်စေခြင်းဖြင့် Plates များအား ဖိစေခြင်းမှတစ်ဆင့် Driving Force ကို Transmit လုပ်ပေးပါသည်။ Shift Elements များ၏ အဓိကဆောင်ရွက်ချက်မှာ Traction ကို နှောက်ယှက်ဟန့်တားမှုမဖြစ်စေဘဲ Gear Ratios ပြောင်းလဲမှုကို ညက်ညောချောမွေ့စေမည့် Power-on Shift လုပ်ဆောင်မှုရရှိစေရန်ဖြစ်ပါသည်။

***ပါဝင်သည့်အစိတ်အပိုင်းများနှင့် ၎င်းတို့၏လုပ်ငန်းလုပ်ဆောင်ပုံများ***

Transmission Gear Box တွင် Transmission Components များကို စနစ်တကျတပ်ဆင်ထားသော Main Casing တစ်ခုပါရှိပြီး Torque Converter ကို သီးခြား Housing တစ်ခုဖြင့် Main Casing တွင်ကပ်လျက် တွဲဖက်တပ်ဆင်ထားပါသည်။

***Main Casing***

Main Casing ၏အောက်ပိုင်းတွင် ATF ( Automatic Transmission Fluid ) Pin နှင့် Drain Plug တို့ ပါရှိပါသည်။ ဆီအပူချိန် 37 ~ 45ºC ( 99 ~ 115ºF ) တွင် အင်ဂျင်လည်ပတ်စေလျက် Oil Level ကို စစ်ဆေးရပါမည်။ Oil Level Plug ပေါက်မှဆီတစ်စက်ချင်းထွက်လာလျှင် Level မှန်သည်ဟု မှတ်ယူနိုင်ပါသည်။


Transmission Gear Box ၏ရှေ့ဘက် Fluid Pin နှင့်ကပ်လျက် Fluid Cooler ပါရှိပြီး Transmission Casing သို့ Sealed Connecting နှစ်ခုဖြင့် ဆက်သွယ်ထားပါသည်။ Fluid Cooler ကို Engine Cooling System နှင့်ဆက်သွယ်ထားပြီး Transmission Heat ကို Engine Coolant သို့ Cooler မှတစ်ဆင့် ပို့ဆောင်ပေးခြင်းဖြင့် အေးစေပါသည်။

***Torque Converter***

Torque Converter ကို Housing တစ်ခုထဲတွင် ထားရှိပြီး Transmission Gear Box ၏ Engine ဖက်ခြမ်းတွင် တပ်ဆင်ထားသော Coupling Element ဖြစ်ပါသည်။ Torque Converter ကို Stud ၆ ခုဖြင့် Torque Converter Housing တွင် မြဲမြံစွာတပ်ဆင်ထားပြီး Drive Plate တစ်ခုဖြင့် Engine သို့ ဆက်သွယ်ထားပါသည်။ Crankshaft မှ Drive Power သည် Hydraulic Power မှ Mechanical Power သို့ အသွင်ပြောင်းပြီး Torque Converter မှတစ်ဆင့် Transmission Gear Box သို့ ရောက်ရှိပါသည်။

Torque Converter ကို Impeller တစ်ခု၊ Stator တစ်ခုနှင့် Turbine တစ်ခုတို့ဖြင့် ဖွဲ့စည်းထားပါသည်။ Torque Converter သည် Housing Cover နှင့် Impeller ကြားရှိ Components အားလုံးနှင့်အတူ ဆီယိုစိမ့်မှုမရှိသော Sealed Unit တစ်ခုဖြစ်ပါသည်။ ဆီဖြည့်ထားသော Housing ဆီယိုစိမ့်မှုမရှိစေရန် ၎င်း Component ၂ ခုကို ပူးတွဲဂဟေဆက်ထားပါသည်။ Converter Housing Cover တွင် ဂဟေဖြင့်ဆက်ထားသော Impeller ကို Engine Crankshaft Speed အတိုင်း လည်ပတ်စေခြင်းဖြစ်ပါသည်။

Engine Crankshaft လည်ပတ်သည်နှင့် Torque Converter ၏ Impeller လည်ပတ်ပြီး Impeller လည်ပတ်မှုမှထွက်ရှိလာသော Hydraulic Power သည် Stator ကိုဖြတ်၍ Turbine သို့ရောက်ပါသည်။ Turbine ၏လည်ပတ်မှုသည် Mechanical Power အဖြစ် Transmission Gear Box သို့ ရောက်ရှိပါသည်။




**Basic Components of Torque Convertor**

***Lock up Clutch***

Electro Hydraulic Torque Converter ၏အားနည်းချက်မှာ Flywheel နှင့်တွဲထားသော Impeller Wheel မှတစ်ဆင့် Turbine Wheel သို့ အားစီးဆင်းရာတွင် Engine ၏ Energy ဆုံးရှုံးမှုဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။ ထို့ကြောင့် Turbine Wheel ၏လည်ပတ်မှုသည် Impeller Wheel ၏လည်ပတ်မှုထက် အမြဲလျော့နည်းနေခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ Engine ၏ RPM ထက် Gear Box Input Shaft ၏ RPM က အမြဲလျော့နည်းမှုကို ဖြစ်စေပါသည်။ ထိုအခြင်းအရာကို ချော်နေခြင်း ( Slip ဖြစ်သည် ) ဟု ခေါ်ပါသည်။

အဆိုပါအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် အချို့ Converter များတွင် Lock up Clutch ကို ဖန်တီးတည်ဆောက်ထားပါသည်။ အဆိုပါ Clutch သည် မော်တော်ယာဉ်မောင်းနှင်နေချိန်တွင် Impeller နှင့် Turbine Wheel အား တိုက်ရိုက်ဆက်သွယ်ပေးပါသည်။

ထိုသို့ Impeller နှင့် Turbine အား တိုက်ရိုက် Lock up Clutch နှင့်ဆက်သွယ်ပေးသောအခါ Impeller နှင့် Turbine Wheel သည် အပတ်ရေတူညီစွာဖြင့် လည်ပတ်နိုင်ပြီး Power Losses ဖြစ်ခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်ပေသည်။ အပတ်ရေဆုံးရှုံးမှုမရှိ ( Slip မရှိ ) ဘဲ လည်ပတ်နှုန်းတူ လည်ပတ်နိုင်မည်ဖြစ်ပါသည်။


Lock up Clutch သည် Multiplate Clutch ဖြစ်ပြီး မော်တော်ဆိုင်ကယ်များတွင် ပါဝင်သော Clutch နှင့်ဆင်တူပါသည်။ Electro Hydraulic Converter တိုင်းတွင် Lock up Clutch မပါဝင်ဘဲ အချို့ Model များတွင်သာ ပါဝင်ပါသည်။ မော်တော်ယာဉ်ကုန်းဆင်းနေသည့်အချိန်နှင့် ATF Oil သာမန်အပူချိန် ( 80ºC-120ºC ) မရောက်ခင်အချိန်များတွင် Lock up Clutch အလုပ်


စာမျက်နှာ ၅ သို့-

စာမျက်နှာ ၄ မှ-

မလုပ်နိုင်ပါ။ မော်တော်ယာဉ် Brake ဖမ်းလိုက်သည့်အချိန်တွင်မူ Lock up Clutch သည် အလုပ်မလုပ်တော့ဘဲ Turbine Wheel နှင့် လွတ်နေမည်ဖြစ်ပါသည်။

ZF 9HP48 Automatic Gearbox ရှိ Torque Converter တွင် Hydraulic Power ဖြင့် Lock-up လုပ်သော Clutch တစ်ခုပါဝင်ပြီး ၎င်းကို Valve Block ထဲရှိ Solenoid တစ်ခုမှတစ်ဆင့် Transmission Control Module ( TCM ) ဖြင့် ထိန်းချုပ်ပေးပါသည်။ Solenoid သည် Clutch သို့သက်ရောက်သည့် Hydraulic Pressure ကို Control လုပ်ရန် Spool Valves များကို နှိုးဆွပေးပါသည်။ ဤသို့ဖြင့် TCM သည် Converter Mode ၃ မျိုး ( Unlocked , Partially Locked , Fully Locked ) ကို ပံ့ပိုးပေးပါသည်။








***Hydraulic Torque Converter with Lock-up Clutch***

***Valve Block***

Valve Block သည် Transmission Main Casing ၏ရှေ့ဘက် Sealed Cover ၏နောက်တွင် ထောင်လိုက်တပ်ဆင်ထားသည့် အစိတ်အပိုင်းဖြစ်ပါသည်။ Valve Block တွင် Transmission Operation ကို Control လုပ်ရန်အတွက် Spool Valve များနှင့် Solenoid များ ပါရှိပါသည်။ Gear Change ရန်နှင့် Ratio Change တစ်ခုနှင့်တစ်ခုကြား Transmission Smooth ဖြစ်စေရန်အတွက် Solenoid များကို ထိန်းချုပ်ပေးသည့် TCM ပါဝင်ပါသည်။

TCM (သို့) Valve Block အစားထိုးလဲလှယ်မည်ဆိုလျှင် အတည်ပြုသတ်မှတ်ထားသော Land Rover Diagnostic System တစ်ခုကို အသုံးပြုလျက် TCM Calibration အတွက် Diagnostic Routine တစ်ခုပြုလုပ်ရန် လိုအပ်ပေမည်။




***Transmission Control Value block***

Valve Block တွင် Pressure Control Valve ( PCV ) ၆ ခုပါဝင်သည်။ Solenoid ဖြင့် လုပ်ဆောင်သော PCV များကို TCM မှ PWM ( Pulse Width Modulation ) Signal များဖြင့် ထိန်းချုပ်ထားသည်။ Solenoid များက ၎င်း Electrical Signal များကို ယင်းနှင့်အချိုးကျ Hydraulic Pressure အဖြစ်ပြောင်းလဲပြီး တိကျသော Transmission Operation ရရှိစေရန်အတွက် Spool Valve နှင့် Clutch များကို လှုံ့ဆော်ပေးခြင်းဖြစ်ပါသည်။

Multiplate Clutch နှင့် Converter Lock-up Clutch တို့အတွက် လိမ္မော်ရောင် Connector Cap ဖြင့် PCV Solenoid ၅ ခုသည် Signal Current များလာသည်နှင့်အမျှ ပိုမိုမြင့်မားသော Control Pressure ကို ပံ့ပိုးပေးသည်။ Engine Load နှင့် Clutch Slip တို့ကို Monitor လုပ်ပေးသော TCM သည် ၎င်းတို့၏ပြောင်းလဲမှုအလိုက် PWM Signal ထုတ်ပေးပြီး Solenoid Duty Cycle အပြောင်းအလဲကို ဖန်တီးလုပ်ဆောင်စေသည်။ Solenoid များသည် 12 V Operating Voltage တွင် Pressure ( 0 to 4.7 bar range ) အတွင်း လုပ်ဆောင်ပေးသည်။



***Pressure Control Value Solenoid with orange connector cap***

System Pressure Control အတွက် မီးခိုးရောင် Connector Cap ဖြင့် PCV Solenoid သည် Signal Current များလာသည်နှင့်အမျှ ပိုမိုလျော့နည်းသော Control Pressure ကို ပံ့ပိုးပေးသည်။ Solenoid များသည် 12V Operating Voltage တွင် Pressure ( 4.7 to 0 bar ) range အတွင်း လုပ်ဆောင်ပေးသည်။ PCV Solenoid အားလုံးအတွက် Solenoid Coil Winding ၏ Resistance သည် $20^{\circ}C$ ( $68^{\circ}F$ ) တွင် 5.05 Ohms ရှိပါသည်။

***Solenoid Valves***

Valve Block တွင် TCM မှထိန်းချုပ်သော Solenoid Valve ၃ ခုပါရှိသည်။ ၎င်းတို့သည် Electrical Signals များကို Hydraulic Control Signal များအဖြစ် ပြောင်းလဲပြီး Dog Clutch Application ကို ထိန်းချုပ်ပေးသည်။



***Dog Clutch with a Control Solenoid Valve***

Solenoid Valve သည် TCM Control ဖြင့် Open/Closed (သို့) On/Off Solenoid တစ်ခုဖြစ်ပြီး လိုအပ်သော Power ကို TCM မှထောက်ပံ့ပေးသည်။ Gear အချိုးပြောင်းလဲမှုနှင့် Shift Control လုပ်ဆောင်ပေးသည့် Clutch Application အတွက် TCM သည် သတ်မှတ်ထားသော Program Sequence ၁ ခုတွင် Solenoid အား သက်ဝင်လှုပ်ရှားစေခြင်းဖြစ်ပြီး Solenoid Coil ၏ Resistance သည် $20^{\circ}C$ ( $68^{\circ}F$ ) တွင် 10 to 11 Ohms ရှိသည်။

***Park Lock Actuator -Magnetic Valve Control Solenoid***

Valve Block ထဲတွင် TCM မှထိန်းချုပ်သော On/Off Control Solenoid ၁ ခုရှိပြီး TCM မှလာသော Electrical Signal များကို Hydraulic Control Signal များအဖြစ် ပြောင်းလဲ၍ Electronic Park Lock Function ကို Control လုပ်ပေးသည်။ Park Lock ကို Release လုပ်


စာမျက်နှာ ၆ သို့-

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

စာမျက်နှာ ၅ မှ-

ထားသောအခါ Park Lock Solenoid Valve သည် Spool Valve သို့ ATF Pressure ပို့လွှတ်ပြီး Spool Valve ကို Solenoid ၏ Claws များနှင့် ထိတွေ့ချိတ်ဆက်စေသည်။ Spool Valve ၏ ဤရွေ့လျားမှုသည် Park Rod မှတစ်ဆင့် Park Pawl ကို Park Interlock Gear မှ လွှတ်မြောက်စေသည်။

Control Solenoid အတွက် လိုအပ်သောစွမ်းအင်ကို TCM မှထောက်ပံ့ပြီး Claws များက Spool Valve ကို Unlocked Position တွင်ရှိအောင် ထိန်းချုပ်ပေးထားသည်။ Engine မရပ်မီ Electrical Failure ကြောင့် Park Lock Operation ဖြစ်ပေါ်ခြင်း မရှိစေရန်အတွက်လည်း Spool




Magnetic Control Solenoid valve

ပေါ် သက်ရောက်နေသော ATF Pressure ကို Shuttle Valve က ထိန်းချုပ်ပေးထားပါသည်။

Park Lock Engage လုပ်ထားသောအခါ TCM မှ Control Solenoid သို့ Power မပေးတော့သဖြင့် Spool Valve ရှိ ATF Pressure Release ဖြစ်သွားမည်။ ထိုအခါ Claws များ Release ဖြစ်ကာ Spool Valve သည် Spring Pressure ဖြင့် Park Lock Position သို့ ရောက်သွားမည်။ Electrical Failure ဖြစ်ခြင်းကြောင့်လည်းကောင်း၊ Engine ရပ်တန့်နေစဉ်တွင်လည်းကောင်း Parking Lock ကို Manually Release လုပ်မည်ဆိုပါက Service Park Release ( SPR ) Procedure ဖြင့် လုပ်ရမည်ဖြစ်သည်။

TCS ကို Neutral Position တွင်ထား၍ Engine လည်ပတ်မှုကို ရပ်တန့်လိုလျှင် Control Solenoid တွင် Power ကျန်ရှိနေသေးသဖြင့် Transmission သည် Parking Lock Position သို့မရောက်ရှိဘဲ ၁၀ မိနစ်ခန့်ကြာအောင် ရှိနေနိုင်ပါသည်။ ၁၀ မိနစ်ခန့်ကြာသောအခါမှ Control Solenoid တွင် Power မရှိတော့သဖြင့် Claws Release ဖြစ်ပြီး Spool Valve သည် Park Position သို့ ရောက်ရှိသွားမည်ဖြစ်သည်။ Solenoid Coil Resistance သည် 20ºC ( 68ºF ) တွင် 25 Ohms ရှိသည်။

***Ref :*** ***(1) ZF 9HP 9-Speed Transaxle Operation-Part 1 and 2 by John D.Kelly ( professor )***
***(2) ZF 9HP48/948TE Introduction by Mike Souza ( ATRA Senior, Research Technician )***
***(3) Land Rover uses the 9 Speed Automatic Transmission by ZF***
***(4) All about the ZF 9HP 9 Speed Automatic Transmission from Youtube.com***

## MSME လုပ်ငန်းရှင်များအတွက် 'စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အကူပြုသင်တန်း (၄/၂၀၁၉)' ဖွင့်လှစ်ပို့ချ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသည် National Enlightenment Institute နှင့်ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များအတွက် 'စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အကူပြုသင်တန်း (၄/၂၀၁၉)' ကို ဇူလိုင်လ ၂၂ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ SME Center ၌ ဖွင့်လှစ်ခဲ့သည်။



အဆိုပါသင်တန်းကို ဇူလိုင်လ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်း၌ MSME များ လိုအပ်နေသည့် Business Plan ဆိုင်ရာဘာသာရပ်များ၊ Business Strategy ၊ Marketing and Digital Marketing ဆိုင်ရာဘာသာရပ်များ၊ Financial Planning and Management ဆိုင်ရာဘာသာရပ်များကို သင်ကြားပို့ချခဲ့သည်။ သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားတိုင်းနှင့်ပြည်နယ်များမှ စိတ်ပါဝင်စားသည့် MSME လုပ်ငန်းရှင် စုစုပေါင်း ၅၃ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွေ့လျားသင်တန်း အမှတ်စဉ် (၄/၂၀၁၉) အောင်မြင်စွာဖွင့်လှစ်ပြီးစီး

စက်မှုဝန်ကြီးဌာနနှင့်ချင်းပြည်နယ်အစိုးရတို့ပူးပေါင်း၍ ချင်းပြည်နယ်၊ ဟားခါးမြို့၊ မြို့တော်ခန်းမ၌ အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွေ့လျားသင်တန်း အမှတ်စဉ် (၄/၂၀၁၉) ကို ဇူလိုင်လ ၁ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရက်သတ္တ ၄ ပတ်ကြာဖွင့်လှစ်ခဲ့ရာ သင်တန်းဆင်းပွဲအခမ်းအနားကို ချင်းပြည်နယ်၊ ဟားခါးမြို့၊ မြို့တော်ခန်းမတွင်ကျင်းပခဲ့ပြီး ချင်းပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝိကောက သင်တန်းဆင်းအမှာစကားပြောကြားကာ ထူးချွန်ဆုများ ပေးအပ်ခဲ့သည်။

သင်တန်းသို့ ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၉ မြို့နယ်မှ သင်တန်းသား ၁၁၂ ဦး တက်ရောက်အောင်မြင်ခဲ့ကြပြီး ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေး၊ တည်ဆောက်ပြီးသော ဓာတ်အားလိုင်းများအား ထိန်းသိမ်းဆောင်ရွက်နိုင်ရေးနှင့် လျှပ်စစ်အသုံးပြုသောလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို မျှော်မှန်းပြီး ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



## အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) (၂၉) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) ဝန်ထမ်းမိသားစုများ၏ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ***စက်ရုံဓမ္မာရုံ၌*** ဇူလိုင်လ ၁၂ ရက်နေ့ နံနက်တွင်ကျင်းပပြုလုပ်ခဲ့ရာ စက်ရုံတာဝန်ခံခေတ္တဒုတိယစက်ရုံမှူး ဦးသန်းထွန်းအောင်နှင့်အရာထမ်း၊ အမှုထမ်းတို့က ပင့်သံဃာ (၁၀) ပါးတို့အား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ ဝန်ထမ်းမိသားစုများအား မုန့်ဟင်းခါးဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်းသိရသည်။

## စက်ရုံဝန်ထမ်းမိသားစုများ ဒုတိယအကြိမ်စုပေါင်းဝါဆိုသင်္ကန်းကပ်လှူ



စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူခြင်း အခမ်းအနားကို ဇူလိုင်လ ၁၅ ရက်နေ့၊ နံနက် ၉ နာရီခွဲတွင် စက်ရုံရှိ ဓမ္မပါလဓမ္မာရုံတော်ကြီးတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ဟိုပုံးမြို့ တုံခမ်းကျောင်းတိုက်၊ ကံ့ကော်ဦးပရိယတ္တိစာသင်တိုက်၊ ဘုရားငါးဆူကျောင်းတိုက်၊ နောင်လံကျောင်းတိုက်၊ ရွှေပြည်အောင်ချမ်းသာကျောင်းတိုက်၊ ဂနိုင်ထုံကျောင်းတိုက်နှင့် ထမ်းပိုးမွန်ကျောင်းတိုက်တို့မှ သံဃာတော် (၁၈) ပါး၊ ရှင်သာမဏေ (၄၂) ပါးတို့ ကြွရောက်တော်မူကြပြီး စက်ရုံမှူးနှင့်ဇနီး၊ ဝန်ထမ်းများက ဝါဆိုသင်္ကန်းများကပ်လှူကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**စိုးမြင့် (ကျွန်းလှ)**

## ‘စက်မှုနှင့်သက်မွေးပညာရွှေလျှားသင်တန်း’ အမှတ်စဉ် (၁၀၅) နှင့် (၁၀၆) ဖွင့်

စက်မှုဝန်ကြီးဌာနနှင့်မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပူးပေါင်းစီစဉ်ပြီး အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) က တာဝန်ယူဖွင့်လှစ်သည့် ***‘စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း’ အမှတ်စဉ် (၁၀၅) အခြေခံလျှပ်စစ်သင်တန်းကို မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊*** ချောင်းကောက်ကျေးရွာ၊ ဥတ္တရာရုံကျောင်းတွင် ဇူလိုင်လ ၂၂ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

သင်တန်းသို့ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ်လ ၃ ရက်နေ့အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အလားတူစက်မှုဝန်ကြီးဌာန၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) နှင့် New Starlight Construction Co.,Ltd. နှင့် Mandalay Management Corporation တို့ပူးပေါင်း၍ ***‘စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း’ အမှတ်စဉ် (၁၀၆)*** သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၂ ရက်နေ့၊ နံနက် ၉ နာရီတွင် ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးအိမ်ရာ၌ ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး ဦးကျော်စွာဦးနှင့် New Starlight Construction Co.,Ltd. မှ Deputy Managing Director ဦးတင်ဌေးတို့က သင်တန်းဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ အခမ်းအနားသို့ New Starlight Construction Co.,Ltd. နှင့် အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) မှ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်နှင့် နည်းပြဆရာ/ဆရာမများ၊ သင်တန်းတက်ရောက်ကြမည့် အခြေခံလျှပ်စစ်ပညာသင်တန်းသား ၇၇ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် ***အခြေခံလျှပ်စစ်ဘာသာရပ်ကို (၂၂. ၇. ၂၀၁၉) ရက်နေ့မှ (၂. ၈. ၂၀၁၉) ရက်နေ့အထိ ရက်သတ္တ ၂ ပတ်ကြာ*** သင်ကြားပို့ချခဲ့ကြောင်းသိရသည်။






## ကချင်ပြည်နယ်တွင် အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွှေ့လျားသင်တန်း အမှတ်စဉ် (၅/၂၀၁၉) ဖွင့်လှစ်

စက်မှုဝန်ကြီးဌာနနှင့်ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ***‘အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွှေ့လျားသင်တန်း’ အမှတ်စဉ် (၅/၂၀၁၉)*** ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၅ ရက်နေ့၊ နံနက် ၉ နာရီတွင် ***ကချင်ပြည်နယ်၊ ရွှေကူမြို့၊ မြို့တော်ခန်းမ၌*** ကျင်းပပြုလုပ်ခဲ့ရာ ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း တက်ရောက်သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို (၅. ၈. ၂၀၁၉) ရက်နေ့မှ (၃၀. ၈. ၂၀၁၉) ရက်နေ့အထိ ရက်သတ္တ ၄ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၁၈၀ ဦး တက်ရောက်ကြောင်းသိရသည်။

# 'စက်မှုနှင့်သက်မွေးပညာရှေ့လျှားသင်တန်း' အမှတ်စဉ် (၁၀၂)၊ (၁၀၃) နှင့် (၁၀၄) သင်တန်းများဆင်း

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) နှင့်စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ***စက်မှုနှင့်သက်မွေးပညာရှေ့လျှားသင်တန်း အမှတ်စဉ် (၁၀၂) သင်တန်းဆင်းပွဲ***အခမ်းအနားကို ဇူလိုင်လ ၁၂ ရက်နေ့၊ နံနက် ၉ နာရီတွင် ***ကနီမြို့နယ်*** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပပြုလုပ်ခဲ့ရာ ကနီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး ဦးကျော်စွာဦးနှင့် ကနီမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းတို့က သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် သင်တန်းတွင်ထူးချွန်ဆုရရှိသော သင်တန်းသားများအား ကနီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများချီးမြှင့်ပြီး သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ကျောင်းအုပ်ကြီး ဦးကျော်စွာဦးက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ သင်တန်းသို့ သင်တန်းသား ၄၅ ဦး တက်ရောက်အောင်မြင်ခဲ့ကြပြီး သင်တန်းတွင် ***အခြေခံဂဟေဆက်ဘာသာရပ်ကို*** ဇွန်လ ၃၀ ရက်နေ့မှ ဇူလိုင်လ ၁၂ ရက်နေ့အထိ ရက်သတ္တ ၂ ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ ***(ပုံ)***




အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) က တာဝန်ယူဖွင့်လှစ်ခဲ့သည့် ***စက်မှုနှင့်သက်မွေးပညာရှေ့လျှားသင်တန်း အမှတ်စဉ် (၁၀၃) စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၏*** သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၁၂ ရက်နေ့၊ နံနက် ၉ နာရီတွင် ***မြို့သစ်မြို့နယ်၊ တပ်ကုန်းကျေးရွာ*** ရွာလယ်ဓမ္မာရုံခန်းမအတွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်း၊ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ကျောင်းအုပ်ကြီး ဦးရဲထွဋ်ဇော်တို့က သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြသည်။ ဆက်လက်၍ သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ကြပြီး တက်ရောက်လာကြသူများက သင်တန်းသားများ၏သင်တန်းဆင်း Project များအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အလားတူ စက်မှုဝန်ကြီးဌာနနှင့်မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်းစီစဉ်ပြီး အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) က တာဝန်ယူဖွင့်လှစ်ခဲ့သည့် ***စက်မှုနှင့်သက်မွေးပညာရှေ့လျှားသင်တန်း အမှတ်စဉ် (၁၀၄) အခြေခံအိမ်သုံးလျှပ်စစ်ဝါယာသွယ်တန်းခြင်း*** သင်တန်းဆင်းပွဲအခမ်းအနားကို ***သရက်မြို့နယ်၊*** ကိုးပင်ကျေးရွာအုပ်စု၊ ဇော်ဂျီစုရပ်ခန်းမတွင် ဇူလိုင်လ ၁၄ ရက်နေ့၊ နံနက် ၉ နာရီခွဲ၌ ပြုလုပ်ခဲ့ရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဦးမြင့်ဆွေတက်ရောက်ပြီး သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဧည့်သည်တော်များက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။


ဆက်လက်၍ ကျောင်းအုပ်ကြီး ဦးသန့်ဇင်က သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများက သင်တန်းသားများ၏ သင်တန်းဆင်းစွမ်းဆောင်ရည်များကို လိုက်လံကြည့်ရှုအားပေးကြသည်။



သင်တန်းသားများ၏ သင်တန်းဆင်းဆောင်ရွက်ချက်များအား ကြည့်ရှုအားပေးစဉ်။



စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းအား စာတွေ့/လက်တွေ့ သင်ကြားပေးစဉ်။



သင်တန်းသို့ သရက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၅ ဦး၊ သင်တန်းသူ ၇ ဦး၊ ပေါင်း ၃၂ ဦး တက်ရောက်အောင်မြင်ခဲ့ကြပြီး လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့်သုံးစွဲမှုမြင့်မားလာချိန်တွင် လျှပ်စစ်ကျွမ်းကျင်လုပ်သားများအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေး သင်တန်းဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## မျက်နှာဖုံးမှ- 'IT Challenges for MSME Business ဆွေးနွေးပွဲ' သို့ အခမဲ့တက်ရောက်နိုင်

မြန်မာနိုင်ငံရှိ Travel and Tour ကဏ္ဍနှင့် အခြားစိတ်ပါဝင်စားသည့် MSME စီးပွားရေးလုပ်ငန်းများအား လက်ရှိရင်ဆိုင်နေရသော IT ( Hardware/Software ) ဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်ရည်ရွယ်၍ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသည် Hirokei Myanmar System Co.,Ltd. နှင့်ပူးပေါင်း၍ 'IT Challenges for MSME Business ဆွေးနွေးပွဲ' ကို ဩဂုတ်လ ၃၀ ရက်နေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ရှိ MSME စင်တာ၌ ကျင်းပသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် ဖုန်း-၀၉-၄၂၅၀၅၇၇၈၄၊ ၀၉-၂၅၀၁၈၅၇၃၇၊ ၀၉-၃၁၅၇၉၆၇၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်း၍ အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

စက်မှုအလင်း ဂျာနယ်

**Beacon of Industry Journal**

**အကြံပေး**

**ဒေါ်ခင်မာရီ**

**စာတည်းမှူးချုပ်**

**ဦးကျော်လှိုင်**

**ဒုတိယစာတည်းမှူးချုပ်**

**ဦးနိုင်ဇော်ဝင်း**

**မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း**

**ဦးဟိန်းမင်းဇော**

**စာမျက်နှာအပြင်အဆင်**

**ဒေါ်ခင်သီတာမိုး**

**ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး**

**ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး**

**ထုတ်ဝေသူ**

**ဦးကျော်လှိုင်**
**ထုတ်ဝေခြင်းလုပ်ငန်း**
**အသိအမှတ်ပြုလက်မှတ်အမှတ် – ၀၀၅၀၁**

**ပုံနှိပ်သူ/ပုံနှိပ်တိုက်**

**ဒေါ်မြင့်မြင့်တင်**
**မြသီဂီအော့ဖ်ဆက် (၁) (၀၀၂၆၅)**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**
**စောင်ရေ – ၇၅၁၀**

**ဂျာနယ်တိုက်လိပ်စာ**

**ရုံးအမှတ် (၃၀)**
**စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်း – ၀၆၇ – ၃၄၀၅၀၅၇**
**ရန်ကုန်**
**ဖုန်း – ၀၉ – ၄၄၉၀၀၃၅၁၆**
**၀၉ – ၇၇၀၀၄၇၆၅၉**

E-mail

*beaconofindustry@gmail.com*


## 'စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်း' အမှတ်စဉ် (၁၀၆) သင်တန်းဆင်း

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) နှင့် New Starlight Construction Co.,Ltd. နှင့် Mandalay Management Corporation တို့ ပူးပေါင်းဖွင့်လှစ်သည့် 'စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်း' အမှတ်စဉ် (၁၀၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၂ ရက်နေ့ နံနက် ၉ နာရီတွင် ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးအိမ်ရာ၌ ကျင်းပပြုလုပ်ခဲ့ရာ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး ဦးကျော်စွာဦးနှင့် New Starlight Construction Co.,Ltd. မှ Deputy Managing Director ဦးတင်ငွေတို့က သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကာ ထူးချွန်ဆုများချီးမြှင့်ပေးအပ်သည်။


အဆိုပါသင်တန်းတွင် ***အခြေခံလျှပ်စစ်ပညာဘာသာရပ်ကို*** ရက်သတ္တ ၂ ပတ်ကြာ သင်ကြားပို့ချပြီး သင်တန်းသား ၇၇ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

❑

## ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း ဖွင့်လှစ်ထားသည် Wall Climbing (နံရံတွယ်တက်ခြင်း) ကစားနည်းကို စိတ်ဝင်စားမှုနည်းပါးနေသေး

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း ဖွင့်လှစ်ထားသော Wall Climbing (နံရံတွယ်တက်အားကစားနည်း) ကို ပြည်သူများအနေဖြင့် စိတ်ပါဝင်စားမှုနည်းပါးနေသေးကြောင်း Yangon Zoo Zip Line Adventure Unit က တာဝန်ရှိသူက ပြောသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း နံရံတွယ်တက်အားကစားနည်းကို တောင်တက်ခြင်းကိုဝါသနာပါသော ကစားသမားများနှင့် လူငယ်များအတွက် အဓိကရည်ရွယ်ပြီးဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် မိုးတွင်းကာလရောက်ရှိနေခြင်းကြောင့် နံရံတွယ်တက်ကစားနည်းကို လာရောက်ကစားသောပြည်သူများ နည်းပါးနေသကဲ့သို့ အဆိုပါကစားနည်းကိုသိရှိသူ နည်းပါးနေသေးကြောင်း၊ နံရံတွယ်တက်အားကစားနည်းက အမြင့်ပေ ၅၀ ရှိပြီး အသက် ၅ နှစ်နှင့်အထက် ကိုယ်အလေးချိန် ပေါင် ၉၀ မှ ၂၅၀ အတွင်းရှိသူများ ကစားနိုင်ပြီး တစ်ကြိမ်လျှင် ၃ ခေါက် ဆော့ကစားနိုင်ကြောင်း သိရသည်။




ထို့အပြင် နံရံတွယ်တက်အားကစားနည်းကို အရိုးပွရောဂါရှိသူများ၊ အရိုးကြွပ်ဆတ်ရောဂါရှိသူများနှင့် ခါးနာရောဂါရှိသူများက မကစားသင့်ကြောင်း သိရသည်။ နံရံတွယ်တက်အားကစားနည်းကို ကစားသောပြည်သူများ လုံခြုံမှုအပိုင်းကိုလည်း အဓိကထား လုပ်ဆောင်ထားပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း လာရောက်လည်ပတ်သူ များပြားလာစေရန်အတွက် နံရံတွယ်တက်အားကစားနည်း၊ Zip Line ကစားနည်း၊ အမြင့်မှခုန်ချသည့် အားကစားနည်းအပြင် သစ်ပင်တွယ်တက်ကစားနည်းတို့ကိုပါ ထည့်သွင်းဖွင့်လှစ်ထားကြောင်း သိရသည်။

**အောင်ပိုင်မျိုး**

❑

## မြန်မာနိုင်ငံအတွင်း တိရစ္ဆာန်သန်းခေါင်စာရင်းအရ ကျွဲ၊ နွားကောင်ရေ ၁၁ သန်းကျော်ရှိ

၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်ကောက်ယူခဲ့သော တိရစ္ဆာန်ကောင်ရေ သန်းခေါင်စာရင်းအရ ကျွဲ၊ နွားကောင်ရေ ၁၁. ၅ သန်းရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၏ ပြောပြချက်အရ သိရသည်။



ယင်းတိရစ္ဆာန်ကောင်ရေ သန်းခေါင်စာရင်းကို FAO နှင့် LIFT Fund အကူအညီဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် မေလအထိဆောင်ရွက်ခဲ့ရာ ကျွဲကောင်ရေ ၁. ၈ သန်းခန့်ရှိပြီး ကျန် ၉. ၇ သန်းခန့်မှာ ခိုင်းနွားနှင့်နို့စားနွားများဖြစ်ကြောင်းသိရသည်။

တိရစ္ဆာန်ကောင်ရေသန်းခေါင်စာရင်းကောက်ယူမှုကို စီမံကိန်းမြို့နယ်များအပါအဝင် အခြားမြို့နယ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၂၀၈ ခုတွင် ကောက်ယူခဲ့ခြင်းဖြစ်ပြီး ရရှိလာသည့်စာရင်းများအပေါ် အခြေခံ၍ မွေးမြူရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် အစိုးရ၏ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ချမှတ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

**ဝင်းမြင့်ဦး**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## ပြည်ကြီးတံခွန်မြို့နယ်တွင် လက်ပစ်ဗုံး (၁) လုံးနှင့် စိတ်ကြွဆေးများ ဖမ်းမိ

အမှတ် (၁၈) မူးယစ်ဆေးဝါးဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ်လ ၃ ရက်နေ့က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်တွင် စိတ်ကြွဆေးပြားများနှင့်လက်ပစ်ဗုံး (၁) လုံး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ်လ ၃ ရက်နေ့ နံနက် ၁၁ နာရီခွဲက အမှတ် (၁၈) မူးယစ်ဆေးဝါးဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ၊ နယ်မြေခံနယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ် စက်မှု (၈) ရပ်ကွက် ၆၂ လမ်းနှင့်မဏ္ဍလာလမ်းထောင့်တွင် လမ်းလျှောက်လာသူ သီပေါမြို့နယ်၊ ဇက်စုကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနေ အောင်ဇေယျ (ခ) ကိုအောင် (၃၄) နှစ်



အားစစ်ဆေးရာ ၎င်းလွယ်ထားသောလွယ်အိတ်အတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀ ပြား၊ လက်ပစ်ဗုံး (၁) လုံးသိမ်းဆည်းရမိခဲ့သဖြင့် ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူပြီး ကွင်းဆက်များဖော်ထုတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

## မီတာဖတ်ဝန်ထမ်းအယောင်ဆောင် လိမ်လည်ငွေတောင်းသူအား ဖမ်းဆီး

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်နေ ဒေါ်ခင်ရီ နေအိမ်သို့ ဩဂုတ်လ ၃ ရက်နေ့ နံနက် ၉ နာရီ ၅၀ မိနစ်က လျှပ်စစ်မန်နေဂျာရုံးမှ မီတာဖတ်ဝန်ထမ်းအယောင်ဆောင်ကာ မီတာဖတ်မည်ဟုပြောဆိုပြီး နေအိမ်အတွင်းရောက်ရှိမီတာဖတ်ရန်ပြုလုပ်နေစဉ် ချမ်းအေးသာစံမြို့နယ်အတွင်း မီတာဖတ်ရန်တာဝန်ကျသော ဦးနိုင်လင်းအောင် (လက်ထောက်ကြီးကြပ်ရေးမှူး) နှင့် ဦးစိုးဝင်း (လျှပ်စစ်ကျွမ်းကျင်) တို့ကတွေ့ရှိ၍ မသင်္ကာသဖြင့်စစ်ဆေးမေးမြန်းရန် ပြုလုပ်နေစဉ် နေအိမ်တံခါးအားကျော်ကာ ထွက်ပြေးသဖြင့် ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။

စစ်ဆေးချက်အရ နိုင်နိုင်ထွန်း (၃၅) နှစ်၊ ကုန်းတန်းလေးရွာ၊ ပုသိမ်ကြီးမြို့နယ်နေသူဖြစ်ကြောင်း သိရှိရပြီး ၎င်းလွယ်ထားသောလွယ်အိတ်အတွင်းမှ လျှပ်စစ်ဝန်ထမ်း လိုင်းမင်းဝတ်ဆင်သည့် နက်ပြာရောင်အကျႌ ၁ ထည်၊ လျှပ်စစ်ပြုပြင်ရာတွင်အသုံးပြုသည့် ပလာယာ ၂ ချောင်း၊ ဝက်အူလှည့် ၁ ချောင်း၊ အနက်ရောင်မီးတိတ် ၂ ခွေတို့အား တွေ့ရှိရပြီး ၎င်းသည်ချမ်းအေးသာစံမြို့နယ်အတွင်းနေအိမ်များတွင် လျှပ်စစ်ဝန်ထမ်းအယောင်ဆောင်ပြီး လိမ်လည်ငွေတောင်းကြောင်း ဝန်ခံထွက်ဆိုသဖြင့် ဥပဒေအရအရေးယူပေးရန် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသက်နိုင်က တိုင်ကြားသဖြင့် နိုင်နိုင်ထွန်းအား ချမ်းအေးသာစံမြို့နယ် အမှတ် (၃) နယ်မြေရဲစခန်းက (ပ) ၃၈၅/၂၀၁၉ ရာဇသတ်ကြီးပုဒ်မ ၁၇၀ အရ အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

**မောင်ပြည်သူ (မန္တလေး)**



## ပြည်ကြီးတံခွန်မြို့နယ်တွင် ဓါးများကိုင်ဆောင်ပြီး ငွေနှင့်ရွှေထည်ပစ္စည်းဓါးပြတိုက်သူလူငယ်များအား ဖမ်းမိ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် (၈) ရပ်ကွက်၊ ၆၃ လမ်းနှင့် ကနောင်မင်းသားကြီးလမ်းကြားနေ ဦးစိုးလှိုင်ဝင်းသည် ဩဂုတ်လ ၂ ရက်နေ့ နံနက် ၁ နာရီခွဲက မိသားစုနှင့်အတူ နေအိမ်တွင်အိပ်ပျော်နေစဉ် အိမ်ခြံရှေ့မှအော်နှိုးသံကြားရသဖြင့် ၎င်းက ခြံတံခါးအားသွားရောက်ဖွင့်ပေးရာ Mask များ တပ်ဆင်လျက် ဦးထုပ်ဆောင်းထားသည့် အမည်မသိလူငယ် ၇ ဦးမှာ ဓါးများ၊ လေးခွများကိုင်ဆောင်လျက် နေအိမ်အတွင်းသို့ ဝင်ရောက်လာခဲ့ပြီး ဦးစိုးလှိုင်ဝင်းအား ဓါးဖြင့်ထောက်၍ နေအိမ်ရှိ မိသားစုဝင်များထံမှ ရွှေ၊ ငွေပစ္စည်းများအားထုတ်ပေးရန် ပြောသောကြောင့် ဦးစိုးလှိုင်ဝင်းက စားပွဲအတွင်းမှ ငွေကျပ် ၇ သိန်းအား ထုတ်ပေးခဲ့သော်လည်း တူမဖြစ်သူ စောနန္ဒာဦး ဝတ်ဆင်ထားသော ကျောက်နီပါရွှေနားကပ် ၁ ရံအား ဖြုတ်ယူပြီးနောက် နေအိမ်ရှိ Vivo အမျိုးအစား လက်ကိုင်ဖုန်း ၉ လုံး၊ Dell အမျိုးအစား Laptop ၁ လုံးတို့အား ယူဆောင်၍ ထွက်သွားခဲ့သည်။

အိမ်ရှင် ဦးစိုးလှိုင်ဝင်းက စက်မှုနယ်မြေရဲစခန်းသို့ ဖုန်းဆက်သွယ်အကြောင်းကြားရာ နယ်ထိန်းတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှာဖွေရာ နံနက် ၂ နာရီတွင် နေအိမ်၏အရှေ့ဘက် ၆၃ လမ်းနှင့်ကနောင်မင်းသားကြီးလမ်းထောင့် ချိုတောတွင် ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ မင်းထက် (၂၀) နှစ်၊ စည်သူဗိုလ် (၁၃) နှစ် စည်သာရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်နေသူတို့အား လုယူရာတွင်အသုံးပြုသည့်ဆိုင်ကယ် ၁ စီး၊ ဓါး ၃ ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့နှစ်ဦးအား စစ်ဆေးချက်အရ ဓါးပြတိုက်ရာတွင်ပါဝင်သူ စစ်သိန်းတန်၊ အောင်ဝင်းဘို၊ အောင်ဇင်မင်း၊ ဟိန်းသော်ဦး၊ ဒိုးလေးတို့မှာ ထွက်ပြေးလွတ်မြောက်နေသဖြင့် မန္တလေးခရိုင် မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ပိုက်စိတ်တိုက်ရှာဖွေရာ နံနက် ၂ နာရီ ၃၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် မဏ္ဍလာလမ်းနှင့် တပင်ရွှေထီးလမ်းကြား၊ လမ်း ၅၀ ပေါ်တွင် ပြစ်မှုကျူးလွန်သူ ဟိန်းသော်ဦး (၁၉) နှစ်၊ ကံသာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ ဒိုးလေး (၁၈) နှစ်၊ ရေထွက်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ တစ်ရွာတည်းနေ စစ်သိန်းတန် (၁၈) နှစ်နှင့် အောင်ဇင်မင်း (၁၇) နှစ်တို့အား Dell အမျိုးအစား Laptop ၁ လုံး၊ ဓါးရှည် ၃ ချောင်း၊ ဓါးမြှောင် ၁ ချောင်း၊ လေးခွ ၁ လက်၊ ဆိုင်ကယ် ၂ စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိပြီး ကျန်ပြစ်မှုကျူးလွန်သူ အောင်ဝင်းဘို (၂၀) ကံသာယာကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်နေသူမှာ ထွက်ပြေးနေသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။ ဓါးပြတိုက် ငွေနှင့်ရွှေထည်ပစ္စည်းလုယူသူများအား စက်မှုနယ်မြေရဲစခန်းက (ပ) ၃၃၄/၂၀၁၉ ရာဇသတ်ကြီးပုဒ်မ ၃၉၅ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။



**မောင်ပြည်သူ (မန္တလေး)**

## 'လုံခြုံစိတ်ချ - သတင်းပေးကြ'

PRESIDENT OFFICE
မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန

*၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထဲမှပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် 'မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန' ကို နိုင်ငံတော်သမ္မတရုံး၏ ၂၂. ၆. ၂၀၁၈ ရက်စွဲပါ ရုံးအမိန့်အမှတ် (၁၈၇/၂၀၁၈) ဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။*

*၂။ သို့ပါ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူများအနေဖြင့်တိုင်ကြားနိုင်ရန် ယင်းဌာနတွင် သီးသန့်တယ်လီဖုန်း၊ သီးသန့်ဖက်စ်ဖုန်း၊ သီးသန့် အီးမေးလ်လိပ်စာများ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် ရုံးချိန်အတွင်း အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-*

*ဆက်သွယ်ရန်-*

*အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀*

*ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃*

*အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm*

## YRTA မှပြေးဆွဲပေးနေသော ကျောင်းကားတိုင်းတွင် ယာဉ်မယ်များထားရှိပေး

YRTA မှပြေးဆွဲပေးနေသော ကျောင်းကားတိုင်းတွင် ယာဉ်မယ်များထားရှိပေးထားကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။

YRTA မှပြေးဆွဲပေးနေသော ကျောင်းကား ၁၀၂ စီးပေါ်တွင် ယာဉ်မောင်းအပြင် ကျောင်းသား၊ ကျောင်းသူများ လုံခြုံမှုရှိစေဖို့အတွက် ယာဉ်မယ်များကို ကားတိုင်းထားရှိပေးထားပြီဖြစ်ပြီး ယာဉ်မယ်များက ကျောင်းသား၊ ကျောင်းသူများကို ကားပေါ်အတက်အဆင်း၊ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီ၏ ထိုင်ခုံခါးပတ်ပတ်ခြင်း ရှိ/မရှိအပါအဝင် လုံခြုံမှုအပိုင်းများကိုပါ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

YRTA ကကျောင်းသား၊ ကျောင်း သူများကို Smart Card ထုတ်ပေးဖို့အတွက် ကိုယ်ရေးအချက်အလက်များကို မိဘအုပ်ထိန်းသူများထံမှ ကောက်ယူနေပြီး Smart Card ကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆိုပြီး ခွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါ Smart Card အတွင်း ၌ Data အချက်အလက် အပြည့်အစုံကို ထည့်သွင်းပေးသွားမည်ဖြစ်ပြီး YRTA အနေဖြင့် ကျောင်းကားစီးနင်းသော ကျောင်းသား၊ ကျောင်းသူများ၏ မွေးနေ့တိုင်း Birthday Card များ လက်ဆောင်ပေးသွားဖို့ကိုပါ ဆောင်ရွက်နေပြီး ကျောင်းကားစနစ်ကို စနစ်တကျဖြင့် ပိုမိုကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ပိုင်မျိုး**

## ကာကွယ်ဆေးဖြင့်သာ အကောင်းဆုံးကာကွယ်နိုင်သည့် အသည်းရောင်ရောဂါဘီပိုး


အသည်းရောင်ရောဂါပိုး ၅ မျိုးရှိပြီး ဘီနှင့်စီပိုးက မြန်မာနိုင်ငံတွင်ဖြစ်ပွားမှုအများဆုံးဖြစ်ကာ ဘီပိုးကို မကူးစက်နိုင်အောင် ကြိုတင်ကာကွယ်၍ရနိုင်သော ကာကွယ်ဆေးရှိပြီး အလွယ်တကူဆေးရုံ၊ ဆေးခန်းများတွင် ထိုးနှံရနေပြီဖြစ်သော်လည်း လူအများစုက ကြိုတင်ကာကွယ်ထားဖို့ သတိမေ့လျော့နေကြခြင်းဖြစ်ကြောင်း သိရသည်။

အသည်းရောင်ရောဂါ ဘီပိုးသည် ကူးစက်ခံရပြီဆိုလျှင် ခန္ဓာကိုယ်အတွင်းမှ လုံးဝပျောက်ကင်းသွားနိုင်သော ရောဂါမဟုတ်ဘဲ ဘီပိုးအကောင်ရေများမလာအောင် ဆေးသောက်၊ ဆေးထိုးပြီးထိန်းထား၍ ရနိုင်ခြင်းဖြစ်ပြီး ဘီပိုးရှိ/မရှိ သွေးစစ်ဆေးပြီး ကာကွယ်ဆေး (၃) ကြိမ်ပြည့်မီအောင်ထိုးနှံပြီးလျှင် ဘီပိုးကို တစ်သက်လုံးကာကွယ်နိုင်ကြောင်း အသည်းရောဂါအထူးကုဆရာဝန်ကြီးများက ပြောသည်။

အသည်းရောင်ရောဂါပိုးများက A, B, C, D, E ၅ မျိုးရှိပြီး အဆိုပါ အသည်းရောင်ရောဂါပိုးများ ကူးစက်ခံရခြင်းကို မစစ်ဆေးမိခြင်း၊ မကုသဘဲ အချိန်ကြာမြင့်စွာနေမိလျှင် အသည်းခြောက်၊ အသည်းကင်ဆာဖြစ်ဖို့ အလားအလာပိုမိုများပြားလာကြောင်း သိရသည်။

ထို့အပြင် ကမ္ဘာပေါ်တွင်အသည်းရောင်ရောဂါပိုးများအနက် ဘီပိုးတစ်မျိုးတည်းကိုသာ ကြိုတင်ကာကွယ်၍ရနိုင်သော ကာကွယ်ဆေးထုတ်နိုင်သေးခြင်းဖြစ်ကြောင်း၊ ထိုသို့ကာကွယ်နိုင်သော ဆေးရှိသော်လည်း ပြည်သူများက သွေးမစစ်မိဘဲ ကူးစက်ခံရပြီးမှသိခြင်း၊ သိလျှင်လည်း စနစ်တကျကုသမှုခံယူခြင်းများ မရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် အသည်းရောင်ရောဂါကြောင့် နေ့စဉ်နှင့်အမျှ သေဆုံးသူများရှိနေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်ကတည်းက မွေးဖွားပြီးစ ကလေးများကို ၂၄ နာရီအတွင်း အသည်းရောင်ရောဂါ ဘီပိုးကာကွယ်ဆေး ထိုးနှံပေးနေခြင်းများ ဆောင်ရွက်ခဲ့ပြီး ဘီပိုးကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ထည့်သွင်းထားကာ ယခုအချိန်တွင် သက်ကြီးပိုင်းများကို အခမဲ့ကာကွယ်ဆေးထိုးနှံပေးသော ကုသိုလ်ဖြစ်ဆေးခန်းများလည်း ရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဖူးပွင့်ခက်ဝေ**




စက်မှုအလင်း
ဂျာနယ်တွင်
သတင်းနှင့်
ကြော်ငြာများအား
၀၆၇၃-၄၀၅၀၅၇၊
၀၉- ၇၇၀၀၄၇၆၅၉ သို့
ဆက်သွယ်
ထည့်သွင်းနိုင်ပါသည်။

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

# မှတ်ဉာဏ်ကောင်းစေတဲ့ အမူအကျင့်များ

ဒေါက်တာလွင်သန့်

မျက်နှာဖုံးမှ-


***မှတ်ဉာဏ်ကောင်းစေတဲ့ဆေးဝါးဆိုပြီး*** ရောင်းလာတဲ့အပေါ် အကောင်းဆုံးအဖြေပေးရရင် 'မဖြစ်နိုင်ဘူး' ဆိုရပါမယ်။ မှတ်ဉာဏ်ကောင်းစေတဲ့ အမူအကျင့်တွေတော့ရှိပါတယ်။ မြန်မာဓလေ့ထုံးစံနဲ့လည်း မမျှော်လင့်ဘဲကိုက်ညီနေတာ တွေ့ရတယ်။ မှတ်ဉာဏ်ဟာ မွေးရာပါအရည်အချင်းဖြစ်ကာ ဆေးဝါးလုပ်ပြီးရောင်းချတဲ့အပေါ် ဆရာဝန်များမှတ်ချက်မပေးပါဘူး။ စာသင်လို့မရအောင် မှတ်ဉာဏ်နည်းသူ၊ မွေးရာပါ လှုပ်ရှားလွန်ကလေး၊ အော်တစ်ဇင် ( Autism ) ကလေးတွေရဲ့ ဦးနှောက်ကလွဲရင် လူတစ်ယောက်နှင့်တစ်ယောက် သိပ်မကွာကြပါဘူး။ မွေးရာပါအရည်အချင်းလို့ ဆိုရပါမယ်။

***(၁) နံနက်စာ ကောင်းကောင်းစားရပါမယ်။*** မနက်စာမစားဘဲထားရင် ခန္ဓာကိုယ်တွင်း သကြားဓာတ် ( Glucose ) လျော့နည်းကာ ဦးနှောက်ကိုအာဟာရမပို့နိုင်လို့ ဉာဏ်ထိုင်းစေတယ်။ နံနက်စာကောင်းစွာမစားတဲ့ကျောင်းသားဟာ 'ဝမ်းဟာ' နေတာကြောင့် ဆရာသင်ကြားပို့ချမှုကို အပြည့်အဝမခံယူ၊ မသင်ကြား၊ မမှတ်နိုင်တော့ဘူး။ အနောက်တိုင်းသားတွေ နံနက်စာ ( Breakfast )



ကောင်းစွာစားပြီး တစ်နေကုန်အလုပ်လုပ်နိုင်ကြတယ်။ မြန်မာလူမျိုးကတော့ နံနက်စာဖြစ်သလိုစားသောက်ပြီး ညစာကို တစ်ဝတစ်ပြဲစားတတ်တယ်။ အမှန်က ညဘက်အိပ်စက်နိုင်စေဖို့ သင့်တင့်ရုံသာစားပြီး အချိန်မှန်စား၊ အချိန်မှန်လုပ်၊ အချိန်မှန်အိပ်ပေးဖို့လိုအပ်ပါတယ်။

***(၂) ဆေးလိပ်မသောက်သင့်ပါဘူး။*** ဆေးလိပ်သောက်ခြင်းကြောင့် နီကိုတင်း ( Nicotine ) အပါအဝင် အဆိပ်ဓာတ်အများအပြား သွေးထဲရောက်သွားတယ်။ သွေးမှတစ်ဆင့် ဦးနှောက်ကို




ရောက်ရှိနိုင်တယ်။ ဆေးလိပ်ငွေ့က သွေးကြောငယ်ကျုံ့စေကာ ဦးနှောက်တွင်း အောက်ဆီဂျင်အရောက်နည်းစေတယ်။ ဆေးလိပ်သောက်သူတွေ သတိမေ့တတ်ခြင်း ( Alzheimer's Diseases ) ဖြစ်ပွားလွယ်ပါတယ်။

***(၃) သကြားဓာတ်လျှော့ပြီး သုံးစွဲရမယ်။*** သက်ကြီးပိုင်းမှာ သကြားဓာတ်ကို စွမ်းအင်အနေနဲ့ပြောင်းလဲပေးနိုင်မှု အားနည်းတယ်။ သွေးထဲမှာသကြားဓာတ်စုပုံလာလို့ ပရိုတိန်း ( Protein ) အသားဓာတ်စုပ်ယူမှု အားနည်းလာတယ်။ ၂၀ ရာစု ဆေးပညာ




တွေ့ရှိမှုအရ သကြားဓာတ်များရင် ကင်ဆာဆဲလ် ( Cancer Cell ) ပိုမိုတိုးလာတယ်။

***(၄) လေသန့်ရှူရှိုက်ဖို့လိုတယ်။*** သန့်ရှင်းလတ်ဆတ်တဲ့ လေကို ရှူရှိုက်နိုင်ရမယ်။ လေသန့်မရှူရရင် ဦးနှောက်ဆီ အောက်ဆီဂျင်ဓာတ်အရောက်နည်းသွားလို့ မှတ်ဉာဏ်နည်းကာ ဉာဏ်ထိုင်းသလိုဖြစ်စေတယ်။



***(၅) အအိပ်မများသင့်ပါဘူး။*** အိပ်ရင်အားရှိတယ်ထင်မှတ်ကာ အလွန်အကျွံအိပ်ပါက ဦးနှောက်သေကြေပျက်စီးစေလို့ မှတ်ဉာဏ်စွမ်းရည်ကျဆင်းတတ်လို့ အလွန်အကျွံမအိပ်မိစေဖို့ လိုအပ်ပါတယ်။



***(၆) အိပ်ချိန်နည်းပါးလွန်းတာလည်း မဖြစ်သင့်ပါဘူး။*** လူတစ်ယောက်အိပ်ချိန် ၆-၈ နာရီရှိသင့်ပါတယ်။ အိပ်ရေးပျက်ရင် ဦးနှောက်အတွင်း သွေးစီးဆင်းမှုနှေးစေလို့ အောက်ဆီဂျင်အရောက်နည်းကာ မှတ်နိုင်စွမ်းရည်ကျဆင်းပါတယ်။ အချို့ စာမေးပွဲညမှာမအိပ်ဘဲ စာကျက်မှတ်တာတွေဟာ နောက်နေ့မှာ ဘာမှမမှတ်မိတော့ဘူး။ စာမေးပွဲရက်တွေမှာလည်း အနည်းဆုံးအိပ်




ချိန် ၆ နာရီပြည့်ပြည့်ဝဝ အိပ်စက်ပေးမှသာ ကျက်သလောက်စာမှတ်နိုင်မယ်။

***(၇) အိပ်နေချိန် ခေါင်းကိုပါစောင်ခြုံထားခြင်းမပြုသင့်ပါဘူး။*** အချို့လူတွေ ခေါင်းကိုစောင်ခြုံပြီးအိပ်တတ်တယ်။ တကယ်က စောင်ကိုကိုယ်မှာ လုံအောင်ခြုံပြီးအိပ်သင့်ပါတယ်။ ခြင်၊ ယင်၊ အင်းဆက်ပိုးမွှားများကို ကိုက်ခြင်းမှကာကွယ်နိုင်မယ်။ ရာသီဥတု



ချမ်းအေးမှုကို ကာကွယ်နိုင်ပါတယ်။ အချို့က ခြင်ထောင်မသုံးဘူး။ မဖြစ်သင့်ပါဘူး။ မြန်မာနိုင်ငံမှာ 'ခြင်' က ပေါများတာကြောင့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါတွေဖြစ်နိုင်လို့ ခြင်ထောင်ထောင်ကာ နှစ်ခြိုက်စွာအိပ်သင့်ပါတယ်။ လိုအပ်တဲ့အောက်ဆီဂျင်ရရှိကာ ကာဗွန်ဒိုင်အောက်ဆိုဒ်မစုမိနိုင်ပါဘူး။

***(၈) ဖျားနေရင် အနားယူသင့်တယ်။*** ဖျားနေရင် ကိုယ်ရောစိတ်ပါ အနားယူရမယ်။ ကျောင်းသင်ခန်းစာတွေ ဆန္ဒစောကာ မလေ့ကျင့်သင့်ပါဘူး။ ဦးနှောက်ဟာ မနိုင်ဝန်ထမ်းရလို့ စွမ်းဆောင်ရည်ကျဆင်းစေပါတယ်။ စိတ်ပညာရှင်တို့က အစာစား



နေစဉ်၊ စာဖတ်ခြင်းကို အားမပေးကြပါဘူး။ စာဖတ်ခြင်း၊ အလုပ်လုပ်ခြင်းစတဲ့ ဦးနှောက်စူးစိုက်ရတဲ့လုပ်ငန်းတွေမှာ အစားတစ်ဖက်နဲ့အလုပ်လုပ်ခြင်း ရှောင်ရှားသင့်ပါတယ်။

***(၉) စဉ်းစားတွေးခေါ်မှု များများလုပ်ပေးသင့်ပါတယ်။*** အချို့လူတွေက ဘာမှနက်နက်နဲနဲမစဉ်းစားခဲ့ကြဘူး။ ဦးနှောက်အရည်အသွေးတိုးတက်အောင် လေ့ကျင့်မပေးရင် ဆုတ်ယုတ်




ဖွယ်ရှိပါတယ်။ ကိစ္စကြီးငယ်မဆို ဆင်ခြင်တုံတရားနဲ့စဉ်းစားတွေးခေါ်တဲ့ အလေ့အထရှိသင့်ပါတယ်။

စာဖတ်ခြင်းက ဦးနှောက်ကိုအာဟာရဖြည့်ပေးစေတာပဲဖြစ်

စာမျက်နှာ ၁၃ သို့-

စာမျက်နှာ ၁၂ မှ-

တယ်။ သုတဖြစ်စေ၊ ရသဖြစ်စေ၊ သုတရသဖြစ်စေ၊ ရုပ်ရှင်တစ်ကား၊ ဗီဒီယိုဇာတ်လမ်းတစ်ပုဒ် ကြည့်တာပဲလုပ်လုပ် ဦးနှောက်ကို မှတ်မိစေလို့ကြည့်သင့်တယ်။ စာဖတ်ခြင်းနှင့်ပတ်သက်လို့ မြန်မာလူထုမှာလွဲမှားတဲ့ အယူအဆတစ်ရပ်ရှိတယ်။ စာဖတ်များလို့ ဝေါက်ကြောင်သွားတာတဲ့။ အမှန်က အိပ်ရေးပျက်တာများလို့ စိတ်ရောဂါရတာ သတိလက်လွတ်ဖြစ်သွားတာဖြစ်တယ်။ အသက်ကြီးရင့်သူတွေ အမှတ်နည်းလာပြီး အယ်ဇိုင်းမားရောဂါ ရတတ်ပါတယ်။

စဉ်းစားတွေးခေါ် မှုပြုရာမှာ အချက်အလက်များများလေ့လာထားဖို့လိုအပ်ပါတယ်။ ကိစ္စအလိုက် ဆက်စပ်တဲ့အကြောင်းအရာအလိုက် ဝေဖန်သုံးသပ်သင့်ပါတယ်။ ဝေဖန်ရေးသားခြင်းက ပိုမိုဦးနှောက်ဖွံ့ဖြိုးတိုးတက်စေပါတယ်။

***(၁၀) စကားများများ ပြောသင့်ပါတယ်။*** စကားနည်းခြင်းဟာ ဉာဏ်ထိုင်းစေတဲ့အကြောင်းအရင်းတစ်ရပ်လို့ ဆိုတယ်။ တောင်စဉ်ရေမရစကား၊ အတင်းအဖျင်းများနဲ့ ဟောင်ဖွာဟောင်ဖွာ ပြောခြင်းတွေမဆိုလိုပါဘူး။




တစ်ဦးနှင့်တစ်ဦး ဝေဖန်စူးစမ်းမှုစကားများပြောဆိုခြင်း၊ ဗဟုသုတမျှဝေခြင်းနှင့် အသိပညာဖလှယ်ခြင်းစတဲ့ ပညာရပ်စကားတွေပြောဆိုဖို့ လိုအပ်ပါတယ်။ စကားနည်းလွန်းရင် ဖော်ပြပါအခွင့်အရေးတွေ လက်လွတ်သွားတတ်ရာ ဝေဖန်ဆန်းစစ်နိုင်တဲ့ အတွေးအခေါ်လည်း နည်းပါးသွားစေပါတယ်။

***(၁၁) တရားရှုမှတ်သင့်ပါတယ်။*** ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ တရားထိုင်ပေးခြင်းက မှတ်ဉာဏ်ရဲ့အရည်အသွေးထက်မြက်စေပါတယ်။ 'ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်တဲ့မှတ်ဉာဏ်' ကို တရားဘာဝနာပွားများခြင်း၊ တရားထိုင်ခြင်းတို့က များစွာအထောက်အကူပေးကြောင်း ဆွေးနွေးမေးမြန်းခဲ့ဖူးပါတယ်။ တရား ထိုင်ထိုင်ချင်း စိတ်ကလွင့်မျောနေကာ ဝင်လေသိခြင်း၊ ထွက်လေ သိခြင်းနှစ်ခုမှာသာ အာရုံပြုရင် ခန္ဓာကိုယ်ရဲ့ 'ဖြစ်ပျက်' မတည်မြဲခြင်းကို ဆင်ခြင်တတ်လာကာ တရားထူးတရားမြတ်တွေလည်း အဆင့်ဆင့်တက်လှမ်းလာနိုင်ပါတယ်။ ဆရာပြဖို့တော့ လိုအပ်ပါတယ်။ ဆရာမပါဘဲ တရားထိုင်ခြင်းက ဘာသာရေးထက် 'ယောဂကျင့်စဉ်' ဖြစ်တယ်။



အချမ်းသာဆုံးစည်းစိမ်မှာ ဉာဏ်ပညာဖြစ်တယ်။ ငွေကုန်ကြေးကျမကုန်ဘဲ အနည်းငယ်လွဲနေတာမျိုးကို တည့်မတ်ပေးရုံနှင့်အသိဉာဏ်ကောင်းစေတဲ့ နည်းလမ်းတွေဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။ ပညာကို သင်ယူတတ်မြောက်လွယ်ခြင်းဆိုတာ ဦးနှောက်အသိဉာဏ် ( IQ ) ကောင်းရုံမက၊ ( EQ ) ပေါင်းသင်းဆက်ဆံမှုနှင့်စိတ်ခံစားမြင့်မားမှု ( SQ ) တို့ ပါဝင်နေလို့ စိတ်ထားကောင်းထားပေးဖို့လည်း လိုအပ်လာပါတယ်။

---

မျက်နှာဖုံးမှ-

## ရန်ကုန်မြို့အတွင်း မှတ်ပုံတင်မထားသည့်အငှားယာဉ်များအားလုံးကို လုပ်ငန်းလိုင်စင် ဖျက်သိမ်းမည်ဟုဆို



ရန်ကုန်မြို့အတွင်း၌ လက်ရှိပြေးဆွဲလျက်ရှိနေသည့် အငှားတက္ကစီယာဉ်များအားလုံးကို YRTA က ဇူလိုင်လ ၁၂ ရက်နေ့မှစတင်ပြီး စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ပေးနေပြီး လာမည့် စက်တင်ဘာလကုန်အထိ မှတ်ပုံမတင်ပါက လုပ်ငန်းလိုင်စင် ဖျက်သိမ်းမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA မှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

လက်ရှိအငှားယာဉ်အဖြစ် မှတ်ပုံတင်ထားသည့် ယာဉ်များအားလုံး စီးတီးတက္ကစီယာဉ်အဖြစ် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထားကာ မှတ်ပုံတင်ရန် ပထမအကြိမ်ပြုလုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ နောက်ဆုံးထားဆောင်ရွက်ရန် ဒုတိယအကြိမ် နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် အကြိမ်ကြိမ်အသိပေးအကြောင်းကြားပြီးဖြစ်ကြောင်း သိရသည်။

လာရောက်ဆောင်ရွက်ရန် ကျန်ရှိနေသောအငှားယာဉ်များ ရှိနေခြင်းကြောင့် YRTA က တတိယအကြိမ်အဖြစ် မှတ်ပုံတင်ပေးနေခြင်းဖြစ်ကာ သတ်မှတ်ရက်ကျော်လွန်ပါက 'ဂ' စင်းလုံးငှားလုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားခဲ့သည်။

ရန်ကုန်မြို့၏မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်မှုရှိစေရန် စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ အငှားတက္ကစီယာဉ်မောင်းများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ကြီးကြပ်ဆောင်ရွက်ရန်၊ ပြည်တွင်းပြည်ပခရီးသွားများ တက္ကစီယာဉ်များကို ငှားရမ်းအသုံးပြုရာ၌ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့အတွင်း အငှားတက္ကစီယာဉ်အဖြစ် မှတ်ပုံတင်ထားသည့် ယာဉ်များက စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ရာတွင် AA, BB အက္ခရာတွဲများဖြစ်သည့် ရာသက်ပန်အငှားတက္ကစီယာဉ်များပါ စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ပိုင်မျိုး**

---

## ဒဂုံဆိပ်ကမ်းမြို့နယ်တွင် နိုင်ငံတကာအဆင့်မီပွဲရုံတည်ဆောက်မည့်စီမံကိန်း MIC ခွင့်ပြု

ဒဂုံဆိပ်ကမ်းမြို့နယ်တွင် နိုင်ငံတကာအဆင့်မီ ပွဲရုံတည်ဆောက်မည့် ပြည်တွင်းပြည်ပ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဇူလိုင်လအတွင်း ကကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေး၌ ရင်းနှီးမြှုပ်နှံခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် အမေရိကန်ဒေါ်လာ ၈၇ သန်းကျော် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက်အရ သိရပြီး ဟောင်ကောင်အခြေစိုက် ကုမ္ပဏီတစ်ခုနှင့် မြန်မာနိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုတို့ ပူးပေါင်းဖက်စပ်လုပ်ကိုင်မည်ဖြစ်သည်။

စီမံကိန်းတွင် ဈေးဝယ်စင်တာများ၊ ကုန်လှောင်ရုံများနှင့် ကုန်စည်ပို့ဆောင်ရေးကားဂိတ်များ ပါဝင်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ပြောသည်။ စီမံကိန်းကို LESSO HOME DEVELOPMENT ဟုအမည်ပေးထားပြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ပဲခူးမြစ်နှင့် ရတနာလမ်းထောင့်၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**

---

## ရန်ကုန်မြို့အတွင်း လုံခြုံရေးအတွက် စီစီတီဗီနည်းပညာသုံးပြီး ဆောင်ရွက်သွားမည်ဟုဆို

ရန်ကုန်မြို့အတွင်း လူဦးရေတိုးပွားလာခြင်းနှင့်အတူ ရဲတပ်ဖွဲ့ဝင်အချိုး မမျှတသောအခြေအနေဖြစ်နေခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူလုံခြုံရေးနှင့်ပတ်သက်၍ စီစီတီဗီနည်းပညာကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေတစ်ထောင်ကို ရဲတစ်ဦးနှုန်းဖြင့် တာဝန်ယူနေရသည့်အခြေအနေဖြစ်နေပြီး ရန်ကုန်မြို့အတွင်း ဧရိယာတစ်ခုလုံးကို စီစီတီဗီကင်မရာများဖြင့် လွှမ်းခြုံနိုင်ဖို့ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ယခုအချိန်အထိ ရန်ကုန်တိုင်းဒေသကြီးတွင် လုံခြုံရေးစီစီတီဗီကင်မရာအလုံးရေ ၂,၉၀၀ ကျော် တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**

မျက်နှာဖုံးမှ-

# ကံကောင်းကျွန်းမှ အလွမ်းစာ (၄)

ဇင်ယော်

### ပညာတတ်ကြီးဖြစ်ဦးမှာ

အခန်းထဲမှာ ကျွန်တော်အပါအဝင် ကျောင်းသားတစ်ရာကျော်။ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ကျွန်တော်တို့ တက္ကသိုလ်ကို ပညာသင်ဆု ( Scholarship ) နှင့်ရောက်ရှိလာကြသူများဖြစ်သည်။ ဒီနေ့က ကျွန်တော်တို့အားလုံးကို Fresher Welcome နေ့ဖြစ်သည်။ တက္ကသိုလ်၏ဒုတိယပါမောက္ခချုပ်က အမှာစကားပြောသည်။

ဒုတိယပါမောက္ခချုပ်တစ်ယောက် စင်ပေါ်မှာပေါ့ပေါ့ပါးပါး ပြောနေပုံက လေးစားအားကျစရာ။ သူပြောတဲ့စကားထဲမှာ အမှတ်ရနေမိတာက အခုပညာသင်ဆုရတဲ့ကျောင်းသားအားလုံးဟာ ကိုယ့်သက်ဆိုင်ရာနယ်ပယ်မှာ ကျွမ်းကျင်ပြီးသားတွေလို့ ယုံကြည်ပါတယ်တဲ့။ ပညာရေးဆိုတာ ( Two way Learning Process ) အပြန်အလှန် သင်ယူရတာမျိုးပါတဲ့။ ဒါကြောင့်မို့ ကျောင်းသားများအနေနဲ့ ဆရာ၊ ဆရာမများရဲ့သင်ကြားမှုအပိုင်းမှာ မှားယွင်းမှုတွေတွေ့ရင် ဖြည့်စွက်၊ လိုတာတွေရှိရင် ဝေဖန်ထောက်ပြကြပါ။ အကြံဉာဏ်ပေးကြပါတဲ့။

ဒုတိယပါမောက္ခချုပ်ပြောတဲ့စကားက ကျွန်တော့်ရင်ထဲတန်းရောက်သွားသည်။ ပြောရရင် ကျွန်တော်တို့အရှေ့တိုင်းယဉ်ကျေးမှုမှာ ဆရာဆိုသည်မှာ တပည့်ထက်ပိုတတ်သူများအဖြစ် အားလုံးလက်ခံထားကြသည်။ ကျောင်းသားသည် ဆရာသင်ကြားသမျှကို နာယူရမည်။ ပြန်လည်မေးခွန်းထုတ်သည် ဆိုသည်မှာရှာမှရှားဖြစ်သည်။ အနောက်တိုင်းအတွေးအခေါ်မှာတော့ အဲ့လို့မဟုတ်။ ဆရာလည်း ဆရာပိုင်နိုင်သည့်အပိုင်းတွေရှိသည်။ တပည့်လည်း သူကျွမ်းကျင်သည့်အပိုင်းတွေရှိသည်။ ဆရာက တပည့်ကိုသင်ပေးမည်။ တပည့်ကလည်း ဆရာ့ကိုပြန်လည်ဆွေးနွေးနိုင်ရမည်။ ဒီလိုမျိုးဖြစ်သည်။

နောက်အရေးကြီးတဲ့အချက်တစ်ခုက သူတို့ဆီမှာဘွဲ့ရပြီးပြီးချင်း မဟာတန်း ( Master ) တက်သူရှားသည်။ အများစုမှာ ကျောင်းတက်နေစဉ်မှာပဲ အချိန်ပိုင်းအလုပ်လုပ်ကြပြီး ဘွဲ့ရပြီးသည်နှင့် အလုပ်ခွင်ထဲခြေစုံပစ်ဝင်သွားကြခြင်းဖြစ်သည်။ လက်တွေ့လုပ်ငန်းခွင်ထဲမှာ အချိန်အတိုင်းအတာတစ်ခုဖြတ်သန်းပြီးသောအခါ စာတွေ့နှင့်လက်တွေ့သဘောကို စောကြောမိလာသည်။ ပြီးတော့ ကိုယ်တကယ်စိတ်ပါဝင်စားတာ ဘာလဲ၊ ကိုယ်ဘာတွေလုပ်ချင်လဲ၊ ကိုယ်တကယ်လုပ်နိုင်တာဘာလဲ စသည်ဖြင့်သဘောပေါက်လာသည်။ ဒီတော့မှ တက္ကသိုလ်ပရဝဏ်ထဲ ပြန်အခြေချပြီး ကိုယ့်ကိုယ်ကိုယ် Upgrade လာလုပ်ကြခြင်းဖြစ်သည်။ ဒီတော့ မဟာတန်းတွေ၊ ပါရဂူဘွဲ့သင်တန်းတွေမှာ ဆရာနှင့်တပည့်ဆွေးနွေးကြတာတွေ၊ အပြန်အလှန်ဝေဖန်ထောက်ပြကြတာတွေက မဆန်း။ ဆရာတွေကိုယ်တိုင်ကလည်း အတန်းရှေ့ရပ်ပြီး တစ်ဖက်သတ် သင်ကြားပေးရသည်ကို မကြိုက်ကြ။ တပည့်တွေရဲ့မေးခွန်းတွေ၊ ထောက်ပြဆွေးနွေးတာတွေကို လိုချင်ကြသည်။ လက်တွေ့လုပ်ငန်းခွင်မှာ ကြုံရတဲ့ပြဿနာတွေနှင့်ဖြေရှင်းပုံတွေကလည်း အရေးကြီးသည်မဟုတ်လား။ ဆရာနှင့်တပည့်၊ တက္ကသိုလ်နှင့် လက်တွေ့လုပ်ငန်းခွင် ဆက်စပ်နေရမည်သာ ဖြစ်ပါသည်။ တစ်ခါတလေ တချို့အတန်းတွေမှာ ဆရာနှင့်အတွေ့အကြုံရှိ တပည့်တစ်ယောက်၊ နှစ်ယောက်အပြန်အလှန်ဆွေးနွေးကြရင်း စာသင်ချိန်ပြီးသွားတတ်သည်။ ယူတတ်ရင် ပညာတွေချည်းသာဖြစ်ပါသည်။ လက်တွေ့နှင့်စာတွေ့သဘော အချိုးညီညီပေါင်းစပ်မှ ပညာနှင့်နီးစပ်မည်ဟု ပိုနားလည်လာမိသည်။



ဒီနေရာမှာ ကျွန်တော့်အဖေရဲ့ဆရာတစ်ယောက် ဆုံးမဖူးသည်ကို သတိရမိသည်။ သူပြောတာက ဘွဲ့ရဆိုတာ ပညာဟာတန်ဖိုးရှိပါလားလို့ သိရုံပဲရှိသေးသည်တဲ့။ ပညာ (ဘွဲ့တစ်ခု ) ဟာ ဘဝအတွက် အရေးပါသည်ကိုသိနားလည်သည်။ ဒါကြောင့် အချိန်တွေ၊ ငွေတွေ ရင်းနှီးမြှုပ်နှံပြီး ကြိုးစားအားထုတ်ခဲ့ခြင်းဖြစ်သည်တဲ့။ အဲ့ဒီနောက်တော့ မဟာဘွဲ့ ( Master )ပေါ့။ မဟာဘွဲ့သင်တန်းသား/ဘွဲ့ရတစ်ယောက်ဆိုတာ ပညာရပ်တစ်ခု၏ အစိတ်အပိုင်းတစ်ခုကို အထူးပြုလေ့လာရပါလားဆိုတာ၊ သုတေသနဆိုတာ ဒီလိုလုပ်ရတာပါလားဆိုတာမျိုး သိယုံလောက်ပဲရှိသေးသည်တဲ့။ ပါရဂူဘွဲ့ရဆိုတာလည်း ပညာရပ်နယ်ပယ်တစ်ခုရဲ့ အစိတ်အပိုင်းတစ်ခုကို အသေးစိတ်ကျွမ်းကျင်ရုံသာရှိသည်တဲ့။ ဆရာ့အဆိုအရ ပါရဂူဘွဲ့ရလို့ နယ်ပယ်တစ်ခုလုံးကို ခြုံငုံမိသွားတယ်ဆိုတာမျိုး မရှိချေ။ ပညာ၏ကျယ်ပြန့်နက်ရှိုင်းသည့်သဘောကို ဆိုလိုခြင်းဖြစ်မည်။

ဒုတိယပါမောက္ခချုပ်၏စကားနှင့်အဖေ့ဆရာရဲ့စကားတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်ချိန်ထိုးသုံးသပ်ဖြစ်သည်။ တကယ်တော့ကျွန်တော်သည် ပညာသင်ဆုအတွက် ရွေးချယ်ခံရကတည်းက ဘဝင်လေဟပ်နေခဲ့သူဖြစ်သည်။ ဇောင်းကလွှတ်သည့်မြင်းသဖွယ် ခွာရေးတပြုပြုဖြစ်နေခဲ့သည်။ တကယ်တော့ တက္ကသိုလ်ကြီးတစ်ခုမှာ တခြားတော်ပါတယ်၊ တတ်ပါတယ်ဆိုသူတွေနဲ့ ယှဉ်လာရတဲ့အခါ 'ငါ' ဆိုတာ ဘာစာရင်းမှမပေါက်ပါလားလို့ သဘောပေါက်မိသည်။ တကယ်သိ၊ တကယ်တတ်တဲ့သူတွေက နှိမ်ချနေကြချိန်မှာ မာန်တက်စရာဆိုတာ ဘာမှမရှိပါလားလို့ သိနားလည်လာမိသည်။

မြတ်စွာဘုရားရှင်ကတော့ ပညာဆိုတာ 'အကြောင်းနှင့်အကျိုးကို သိခြင်း' ဟုဟောပြဖူးသည်။ စကားလုံးကျစ်လျစ်ပေမယ့် အနက်အဓိပ္ပာယ်ကျယ်ပြန့်လွန်းလှသည်။ ပညာဆိုသည်မှာ 'သဗ္ဗညုတဉာဏ်တော်ရှင်' ဘုရားရှင်မှသာ အလုံးစုံခြုံငုံသိနိုင်ပါလိမ့်မည်။ ပညာဆိုသည်မှာ လိုက်လေ၊ လိုက်လေ ကျယ်ပြန့်လေဆိုသည့် အရာမျိုးသာဖြစ်ပါသည်။ ငါက ဘာဘွဲ့ရ၊ ဘာတွေတတ်တယ်လို့ မာန်တက်နေရန် အကြောင်းမရှိပါ။ ဘွဲ့လက်မှတ်သည် စာတွေ့ကိုသာကိုယ်စားပြုပါလိမ့်မည်။ စာတွေ့ကို လက်တွေ့နှင့်ပေါင်းစပ်နိုင်မှသာ ပညာ၏အနှစ်သာရကို ချဉ်းကပ်နားလည်နိုင်ပါလိမ့်မည်။ လက်တွေ့မပါသော စာတွေ့၊ စာတွေ့မပါသော လက်တွေ့သည် ပညာနှင့်အလှမ်းဝေးနေဦးမည်သာ ဖြစ်ပါသည်။

---

## ဓါးတစ်လက်



ဓါးတစ်လက်
အသွားထက်ထက်နဲ့
ခုတ်ချင်သလိုခုတ်
ပိုင်းချင်သလိုပိုင်း
သမိုင်းတော့ မရိုင်းစေရဘူး ။

ဓါးတစ်လက်
အသွားထက်ပေမယ့်
ခုတ်ခွင့်မကြုံ
ပိုင်းခွင့်မရ
မေ့လျော့ကာ ပစ်ထား
သံချေးစားလေ၏ ။

ဓါးတစ်လက်
သံချေးတို့ဝါးမြို
ရှန်းကန်ခွင့်မရ
ဓါးတို့ဘဝနှင့်ပင်
ချိန်ခွင်ရဲ့တစ်ဖက်
အလေးနဲ့အပြိုင်
လဲလျောင်းလျက် ။

ကိုမျိုး (ဆားခါး)

## မြို့ကွက်သစ်ဧရိယာအတွင်း ဂရန်ရရှိပြီးသောမြေကွက်များ ဝင်းခြံကာရန်၍ အဆောက်အအုံဆောက်လုပ်ရန်အသိပေး

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်တို့ရှိ မြို့ကွက်သစ်ဧရိယာများတွင် ဂရန်ရရှိထားပြီးဖြစ်သော်လည်း မြေပြင်တွင် အဆောက်အအုံအခိုင်အမာဆောက်လုပ်ထားခြင်းမရှိသေးသည့် မြေကွက်များတွေ့ရှိနေရသည်။



မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ပြီး သာယာလှပရေးအတွက် ဂရန်ရရှိပြီးမြေကွက်များ (တရားရုံးအမှုဖြစ်ပွားဆဲ၊ ကျူးကျော်မှုများ မရှင်းလင်းနိုင်သေးသည့် ဂရန်မြေများမပါ) တို့တွင် အခိုင်အမာအုတ်တံတိုင်းဝင်းခြံကာရန်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းတို့အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတို့၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုမိန့်များရယူပြီး အလျင်အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် ဂရန်သက်တမ်းကုန်ဆုံးချိန်အထိ ဆောင်ရွက်ခြင်းမရှိပါက ဂရန်သက်တမ်းတိုးလျှောက်ထားခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားသည်။

မန္တလေးခရိုင်အတွင်း မြို့ကွက်သစ်ရှိ ဝင်းခြံကာရန်ခြင်းမရှိ၊ လူနေထိုင်ခြင်းမရှိသည့် ဂရန်ရှိပြီးမြေကွက်များတွင် အနယ်နယ်အရပ်ရပ်မှ မန္တလေးမြို့တွင် ကျပန်းလာရောက်လုပ်ကိုင်သူမိသားစုများက နေအိမ်များဝင်ရောက်ဆောက်လုပ်ကာ ကျူးကျော်နေထိုင်မှုများ တိုးများလာသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ရှင်းလင်းဖယ်ရှားပေးခဲ့ရကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

## တရုတ်နိုင်ငံမှ အဝယ်လိုက်နေသော မိုးထောင်ငရုတ်အစိုများ ဈေးပြန်ကျလာ

မြန်မာနိုင်ငံအတွင်းရှိ နယ်အစုံမှ ထွက်ရှိနေသော မိုးထောင်ငရုတ်အစိုများကို တရုတ်နိုင်ငံဘက်က ဆက်တိုက်ဝယ်ယူနေသဖြင့် ငရုတ်ဈေးတက်ခဲ့သော်လည်း လက်ရှိတွင် ဈေးပြန်ကျလာကြောင်း သိရသည်။

နယ်အစုံကထွက်ရှိနေသော ငရုတ်များကို တရုတ်နိုင်ငံက အစိုအတိုင်း အအေးခန်းကားများဖြင့် စတင်



ထွက်ရှိချိန်ကတည်းက ဆက်တိုက်ဝယ်ယူနေခြင်းဖြစ်ပြီး လက်ရှိငရုတ်အထွက်များလာသဖြင့် တရုတ်နိုင်ငံမှ အဝယ်လျော့သွားပြီး ဈေးကျလာခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်ဇူလိုင်လက မိုးထောင်ငရုတ်အစိုတစ်ပိဿာကို ငွေကျပ် ၆,၀၀၀ မှ ၇,၀၀၀ ဝန်းကျင်ရှိခဲ့ရာ လက်ရှိငွေကျပ် ၁,၂၀၀ ဝန်းကျင်သာ ရှိနေကြောင်းသိရသည်။

မိုးထောင်ငရုတ်များသည် ကျောက်ဆည်၊ ဝမ်းတွင်း၊ မြစ်သားနှင့်ပျော်ဘွယ်မြို့နယ်များက ထွက်ရှိနေခြင်းဖြစ်ပြီး မိုးထောင်ငရုတ်ဈေးကျလာလျှင် အိန္ဒိယငရုတ်ရှည်အပါအဝင် တခြားငရုတ်များလည်း ဈေးကျလာနိုင်ကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မိုးထောင်ငရုတ်တစ်ပိဿာကို ငွေကျပ် ၅,၈၀၀၊ ဆင်ဖြူကျွန်း ငရုတ်တစ်ပိဿာကို ငွေကျပ် ၈,၀၀၀ မှ ၉,၀၀၀၊ မြစ်ဝကျွန်းပေါ်ငရုတ်ပွတစ်ပိဿာကို ငွေကျပ် ၆,၀၀၀ မှ ၇,၀၀၀၊ အိန္ဒိယငရုတ်ရှည် တစ်ပိဿာကို ငွေကျပ် ၅,၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**

မျက်နှာဖုံးမှ-

## တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် အရေးပေါ်ကုသမှုဌာနများ အဆင့်မြှင့်တင်ဖွင့်လှစ်ပေးမည်

လာမည့် ၂၀၂၀ ပြည့်နှစ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးက ပြည်သူ့ဆေးရုံကြီးများ၌ အရေးပေါ်ကုသမှုဌာနများကို အဆင့်မြှင့်တင်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခင်ကတည်းက ပြည်သူ့ဆေးရုံကြီးများတွင် အရေးပေါ်ဌာနများ ဖွင့်လှစ်ထားသော်လည်း နိုင်ငံတကာအဆင့်မီကုသမှုများ မရရှိသေးခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်နောက်ပိုင်းမှ အရေးပေါ်ကုသရေးအထူးကုဆရာဝန်များကို မွေးထုတ်နိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဆရာဝန်များ ခန့်အပ်ပြီး ဆေးကိရိယာပစ္စည်းစုံလင်သော အရေးပေါ်ဌာနများအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့တွင် အဆင့်မြှင့်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ အရေးပေါ်ဌာနများကို လာမည့် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် သဃ်န်းကျွန်း၊ ပုသိမ်၊ လားရှိုး၊ တောင်ကြီးနှင့်ပဲခူးပြည်သူ့ဆေးရုံကြီးတို့ကို အဆင့်မြှင့်တင်ဖွင့်လှစ်သွားဖို့ရှိကြောင်းသိရပြီး အရေးပေါ်ကုသမှုဌာနများကို အဆင့်မြှင့်တင်ပြီးနောက်ပိုင်းမှ အရေးပေါ်ရောက်လာသောလူနာများကို ၈၀ ရာခိုင်နှုန်းအထိ အသက်ကယ်လာနိုင်ကြောင်း သိရသည်။

အရေးပေါ်ဌာနကို ရောက်လာတတ်သောလူနာအများစုမှာ ထိခိုက်ဒဏ်ရာရခြင်း၊ ယာဉ်မတော်တဆဖြစ်ခြင်း၊ နှလုံးသွေးကြောပိတ်ပြီး အသက်အန္တရာယ်ရှိခြင်း၊ လေဖြတ်ခြင်း၊ ကူးစက်ရောဂါ၊ ရာသီတုပ်ကွေးရောဂါ၊ အဆုတ်အအေးမိ (နမိုးနီးယား) ရောဂါများနှင့်ရောက်လာတတ်ကြခြင်းဖြစ်ကြောင်း သိရသည်။

အရေးပေါ်ဆေးပညာရပ်ကို ၂၀၁၃ ခုနှစ်နောက်ပိုင်းမှ မြန်မာနိုင်ငံဆေးကောင်စီက အထူးပြုဘာသာရပ်ဆိုပြီး အသိအမှတ်ပြုသင်ကြားစေခဲ့ခြင်းဖြစ်ပြီး လက်ရှိအရေးပေါ်အထူးကုဆရာဝန် ၇၀ ကျော်မွေးထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**




## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူသွားလာရာနှင့်အပန်းဖြေပန်းခြံတို့တွင် Free Wifi အသုံးပြုနိုင်အောင် တပ်ဆင်ပေးမည်ဟုဆို

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူသွားလာရာနှင့် အပန်းဖြေပန်းခြံတို့တွင် Free Wifi အခမဲ့အသုံးပြုနိုင်အောင် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Internet Free Wifi ကို အများပြည်သူ အသုံးပြုနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အချက်အချာကျသည့်ပန်းခြံများနှင့် အများပြည်သူအပန်းဖြေနေရာတို့၌ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တပ်ဆင်မှုများကို ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံက သိရသည်။

ထိုသို့ အများပြည်သူ Free Wifi အသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံအတွင်းရှိ မိုဘိုင်းလ်ဆက်သွယ်ရေးအော်ပရေတာတစ်ခုမှ လာရောက်တင်ပြထားခြင်းဖြစ်ကြောင်း၊ အများပြည်သူလွတ်လပ်စွာ Free Wifi အသုံးပြုနိုင်ရေးကို တိုင်းအစိုးရ၏ခွင့်ပြုချက်ရလျှင် ပထမဆုံးအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ မဟာဗန္ဓုလပန်းခြံ၊ ပြည်သူ့ရင်ပြင်၊ အင်းယားကန်ပေါင်၊ သုဝဏ္ဏပန်းခြံနှင့် ဆူးလေအစရှိသည့်နေရာများတွင် စတင်အကောင်အထည်ဖော်ပေးမည်ဖြစ်ကြောင်းသိရပြီး လက်ရှိရန်ကုန်တိုင်းဒေသကြီးတွင် Free Wifi ကို အများပြည်သူအသုံးပြုနိုင်အောင် ရွှေတိဂုံစေတီတော်တွင် အခမဲ့ Wifi တပ်ဆင်ထားကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# မခွဲအတူ



**မောင်မောင်မိုးအောင်**

ဆယ်တန်းအောင်စာရင်းထွက်သောနေ့တစ်နေ့။ အတိအကျဆိုရပါလျှင် ဇူလိုင်လ ၁ ရက်နေ့။ ထိုနေ့ညဥ့်သန်းခေါင်ယံအချိန်ဖြစ်သည်။ ထိုအချိန် ပြည်လမ်းမပေါ်တွင် ပါဂျဲရိုးအမျိုးအစား နို့နှစ်ရောင်ကားတစ်စီး အရှိန်ဖြင့်ပြေးနေသည်။ လူရှင်းနေသောအချိန်ဖြစ်၍ ကားမှာလျှင်မြန်လွန်းသောအရှိန်ဖြင့် တအားပြေးနေသည်။ ကားပေါ်တွင် ဆယ်ကျော်သက်အရွယ် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ပါလာသည်။ ကားရှေ့ခန်းတွင် ယာဉ်မောင်းတစ်ဦးသာရှိပြီး နောက်ခန်းတွင် အမျိုးသားနှင့် အမျိုးသမီးတို့ ပူးကပ်စွာထိုင်နေရင်းလိုက်ပါလာသည်။ ယာဉ်မောင်းသူက ကားနောက်ခန်းမှ သူငယ်ချင်းကိုလှမ်းပြောလိုက်သည်။

'ကျော်ကျော် မင်းက ဒီတစ်လုံးတည်းပါလာတာကို မင်းအဖေက ခုလောက်အထိ ပျော်ခွင့်ပြုခဲ့တာ။ မင်းမှန်းထားတဲ့ ဒီသုံးလုံးသာ ပါခဲ့ရင် မင်းအဖေ မင်းကိုဖူးဖူးမှုတ်ထားမယ်ထင်တယ်'

'ငါမှန်းထားတဲ့ ဒီသုံးလုံးသာပါခဲ့ရင် ပရာဒိုအသစ်တစ်စီးဝယ်ဖို့ ပူဆာမယ်စိတ်ကူးထားခဲ့တာ။ ခုတောင် ဒရိုင်ဘာမပါဘဲ ကားပေးလိုက်တာကြည့်ပါလား' ပြောပြောဆိုဆို ကျော်ကျော်က သူ့ဘေးမှကောင်မလေးပခုံးကိုလှန်းဖက်လိုက်သည်။

'ကျော်ကျော် ငြိမ်ငြိမ်နေပါ။ မူးနေပြီလား'

'ဟုတ်တယ် ငါမူးနေပြီ။ ဟိုတယ်မှာသူငယ်ချင်းတွေတိုက်လို့ သောက်ခဲ့တာ တော်တော်များသွားတယ်။ တို့နှစ်ယောက်က ချစ်သူတွေပါနော်' စကားအဆုံးတွင် ကျော်ကျော်က နံဘေးမှကောင်မလေးကို လှမ်းဖက်လိုက်ပြန်သည်။

'ဗလကြီး နင့်သူငယ်ချင်းကိုကြည့်ပြောဦး။ ခုလိုလုပ်တာ ငါမကြိုက်ဘူး'

ကားမောင်းရင်း ဗလကြီးက နောက်သို့ လှမ်းပြောလိုက်သည်။

'ကျော်ကျော် မူးနေရင်လည်း အေးအေးဆေးဆေးနေကွာ။ သူဇာ စိတ်ညစ်အောင် မလုပ်ပါနဲ့။ မင်းကို သိပ်ခင်လွန်းလို့ လိုက်လာတာ။ သူ့အိမ်ကဆူမှာလည်း စိုးရိမ်နေတာ'

'ဟေ့ကောင် ဗလကြီး။ ငါမူးတာအကြောင်းမဟုတ်ဘူး။ ကားမောင်းနေတဲ့ မင်းကမူးလို့မဖြစ်ဘူး။ ကားကိုသာ ဂရုတစိုက်မောင်းစမ်းပါကွာ။ ငါ့ကားအထာကို မင်းမကျွမ်းသေးပါဘူး။ တို့ချစ်သူနှစ်ယောက်ကြားမှာ မင်းဝင်မပါချင်ပါနဲ့ကွာ'

မိန်းကလေးမှလွဲရင် နှစ်ယောက်လုံးမူးယစ်ရီဝေနေပုံရသည်။ တရိပ်ရိပ်ပြေးနေသောကားမှာ ဦးတည်ရာမမှန်ချင်တော့ပါ။ ဟိုယိမ်း သည်ယိမ်းဖြစ်နေသည်။ မင်္ဂလာဒုံဘက်ရောက်လာပြီး ပုလဲမြို့သစ်လမ်းခွဲအနီး ရောက်လာသည်။

'ဗလကြီး သတိထားမောင်းကွာ။ လီဗာသိပ်မနင်းနဲ့။ ရှေ့ကျရင် ညာဘက်ချိုးရမယ်'

'လမ်းက ရှင်းနေတာပဲ။ မစိုးရိမ်ပါနဲ့ကွာ'

ယာဉ်မောင်းနေသူဗလကြီးဆိုသူက နောက်လှည့်ကြည့်ပြီး ပြန်ပြောလိုက်သည်။ ထိုစဉ်ရှေ့ခပ်လှမ်းလှမ်းမှ မျက်နှာချင်းဆိုင်ဘက်ကလာနေသော ကားမီးရောင်ကိုတွေ့ရသည်။

'ဟေ့ကောင်ဗလကြီး ရှေ့မှာကားမီး။ ကားလာနေတယ်' ဗလကြီးရှေ့သို့ကြည့်လိုက်သည်။ မျက်နှာချင်းဆိုင်မှကားမီးကို နီးကပ်စွာတွေ့လိုက်ရသည်။ ဗလကြီးက ကားကိုညာဘက်သို့ တိမ်းလိုက်သည်။ အရက်မူးယစ်နေသဖြင့် လျှင်မြန်လွန်းသောကားအရှိန်ကို မထိန်းနိုင်တော့ပါ။ ပလက်ဖောင်းပေါ်တက်သွားပြီး လမ်းဘေးမှပျဉ်းမပင်ကြီးကို အရှိန်ပြင်းပြင်းဖြင့် ဝင်ဆောင့်မိတော့သည်။ ဝုန်းဟူသောအသံကြီးကို သုံးယောက်သား နောက်ဆုံးကြားလိုက်ရပြီး အမှောင်ကမ္ဘာအတွင်းသို့ ကျရောက်သွားတော့သည်။

× × × × × × ×

'ပါဂျဲရိုးကားတစ်စီး အက်ဆီးဒင့်ဖြစ်တယ်လို့တော့ ကြားမိတယ်။ နာရေးကြော်ငြာသတင်းစာထဲ တွေ့တော့မှပဲ မင်းရဲ့ကားနဲ့ မင်းရဲ့သားမှန်းသိရတော့တယ် ကျော်တင့်ရယ်။ တရားနဲ့သာဖြေပါတော့ သူငယ်ချင်းရယ်'

'ငါ့မှာ ဒီသားတစ်ယောက်ပဲရှိတာ။ မိတဆိုးသားလေးမို့ အလိုလိုက်ထားမိတယ် မင်းသိန်းရယ်'

'ဒါနဲ့အချိန်မတော်ကြီး မင်္ဂလာဒုံဘက် ပုလဲမြို့သစ်လမ်းခွဲအနီးမှာ ဘယ်လိုဖြစ်တာလဲ'

'ငါ့သားကျော်ကျော် ဆယ်တန်းအောင်တယ်လေ။ ဒီတစ်လုံးပါတယ်။ မြို့ထဲမှာသူငယ်ချင်းတွေကိုသွားပြီး ကျွေးမွေးချင်တယ်ဆိုလို့ ကားပါပေးလိုက်တာ'

'ဗလကြီးဆိုတဲ့ကောင်လေးက သူ့သူငယ်ချင်းမဟုတ်လား။ သူဇာဆိုတဲ့ကောင်မလေးက ဘယ်လိုပတ်သက်နေတာလဲ'

'ပုလဲမြို့သစ်မှာနေတဲ့ ငါ့သားရဲ့ချစ်သူပါ။ လူကြီးချင်းပြောဆိုပြီးသားပါ။ အဲဒီကောင်မလေးကို လိုက်ပို့ရင်း အက်ဆီးဒင့်ဖြစ်ခဲ့တာ။ သူတို့သုံးယောက်က အမြဲတမ်းတွဲနေကြပဲ'

'ခု အဲဒီပါဂျဲရိုးကား ဘယ်မှာလဲ'

'ရှိပါတယ် ခြံထဲမှာ'

'မင်းဘယ်လိုဆက်လုပ်မယ် စိတ်ကူးထားလဲ'

'ငါ့သား တိုက်တွန်းလွန်းလို့ ငါဝယ်ခဲ့တာ။ ငါ့သားက ဒီကားကြောင့်သေခဲ့ရပြီ။ ဒီကားကို ငါမမြင်ချင်တော့ဘူး။ မင်းပဲယူသွားပြီး ကြိုက်သလိုလုပ်တော့ကွာ'

'ယူတာက ဟုတ်ပါပြီ။ ဈေးက ဘယ်လောက်လဲ။ ပြင်လို့ရပါဦးမလား'

'ကားက ခါးကျိုးသွားတာ။ အင်ဂျင်ကို သိပ်မထိဘူး။ ခါးကျိုးသွားတာကြည့်ရုံနဲ့ အရှိန်ဘယ်လောက်ပြင်းလဲဆိုတာ ခန့်မှန်းလို့ရတယ်။ ဒါကြောင့် သုံးယောက်စလုံး ပွဲချင်းပြီးဆုံးခဲ့တာပေါ့။ ကားကိုတွေ့နေရင် ငါခံစားနေရဦးမယ်။ မင်းကြိုက်သလောက်သာ ပေးကွာ'

'ပြင်ပြီးလို့ အခြေအနေကြည့်ပြီး ငါပေးပါ့မယ်'

'မင်းနဲ့ငါနဲ့က ညီအစ်ကိုလိုနေခဲ့ကြတာ။ ဈေးစကား မပြောပါနဲ့'

'ဒါဆိုပြင်ပြီး ငါသုံးမယ်။ မရောင်းတော့ဘူး။ နေ့လယ်လောက်မှ ဝပ်ရှော့ကကားနဲ့ လာဆွဲယူသွားမယ်'

ဦးကျော်တင့်က သူ့ပါဂျဲရိုးကားပျက်ကို သူငယ်ချင်းဖြစ်သူထံ အပြတ်ရောင်းပစ်လိုက်ပါတော့သည်။ ဦးကျော်တင့်မှာ သူငယ်ချင်းဖြစ်သူ ကားပွဲစား ဦးမင်းသိန်းဆိုသူထံ ကားကိုပေးလိုက်ပြီး ကားကိစ္စမေ့ထားလိုက်တော့သည်။ အလုပ်ထဲတွင်သာ စိတ်ရောကိုယ်ပါနှစ်မြုပ်ထားလိုက်တော့သည်။ စိန်ကျောက်ပွဲစားလောကတွင် ဦးကျော်တင့်က နာမည်ကြီးဖြစ်သည်။ သားကိစ္စ၊ ကားကိစ္စမေ့ထားရင်း အလုပ်တွင်သာ အာရုံနှစ်မြုပ်ထားသည်မှာ နှစ်ဝက်ခန့်ရှိခဲ့ပြီဖြစ်သည်။ ဖြေ၍မပြေသေးသော်လည်း နေသာထိုင်သာရှိခဲ့ပြီ။

တစ်နေ့ ဦးကျော်တင့်ထံမှပါဂျဲရိုးကားဝယ်သွားသော မင်းသိန်းဆိုသူ ရောက်လာသည်။

'ဘယ်လိုလဲ မင်းသိန်း။ ပျောက်ချက်သားကောင်းလှချည်လား။ အရောင်းအဝယ် အဆင်မပြေလို့လား။ မျက်နှာလည်း မကောင်းပါလား'

'ကားအရောင်းအဝယ် သိပ်မကောင်းဘူး။ ခုမင်းဆီလာတာက မင်းဆီက ဝယ်ထားတဲ့ကားအကြောင်း ပြောပြချင်လို့ လာခဲ့တာ'

'ပြင်ပြီးစီးနေတာ အဆင်ပြေတယ်မဟုတ်လား။ ခုလောက်ဆို ဈေးတော်တော်ရနေပြီ။ ဘာလဲ ပြန်ရောင်းထုတ်ချင်လို့လား'

'ငါပြင်လိုက်တာ တော်တော်ကုန်သွားတယ်။ ခုလက်ရှိအခြေအနေအတိုင်း လျှော့ဈေးနဲ့ရောင်းတာတောင် ဝယ်မယ့်သူမရှိဘူးဖြစ်နေတယ်'

'လျှော့ဈေးနဲ့ရောင်းတာတောင် ဘာဖြစ်လို့ မထွက်တာလဲ'

'ဒီကားရဲ့ရာဇဝင်ကိုသိထားတဲ့သူတွေက မဝယ်ရဲကြဘူး။ ပြီးတော့ ငါ့လက်ထဲရောက်ပြီးမှ ဖြစ်ခဲ့တဲ့အဖြစ်တွေက မယုံနိုင်စရာဖြစ်နေပြီ။ ငါကြုံခဲ့ရတာတွေ ငါ့ပါတနာတစ်ယောက်ကိုပြောပြလိုက်မိတယ်။ သူကတစ်ဆင့် သတင်းပေါက်ကြားသွားတယ်ထင်ပါရဲ့။ လျှော့ဈေးနဲ့ရောင်းတာတောင် မဝယ်ရဲကြဘူးဖြစ်နေတယ်'

'ဘယ်လို မယုံနိုင်ဖွယ်တွေကြုံခဲ့ရတာလဲ။ ပြောပါဦး'

'ဝပ်ရှော့ကပြင်ပြီးလို့ စစီးတဲ့နေ့မှာပဲ ကားကတစ်မျိုးဖြစ်နေခဲ့တယ်။ မောင်းနေရင်းနဲ့ ရုတ်တရက်ထိုးရပ်သွားတယ်။ တစ်နေရာမှာ ကားရပ်ထားပြီး အလုပ်ကိစ္စစကားသွားပြောတယ်။ ပြန်ရောက်လာတော့ ကားက သူ့အလိုလို စက်နှိုးပြီးသားဖြစ်နေတယ်။ ဘယ်သူမှမနှိုးဘဲ စက်နှိုးနေတယ်။ ညဘက်ဂိုထောင်ထဲ ထည့်ထားပြီး မနက်ကားထုတ်ဖို့သွားယူတော့ ရှေ့မီးတွေလင်းနေတာတွေ့ရတယ်။ မသေချာလို့ သေသေချာချာမီးပိတ်ပြီးစမ်းခဲ့တာ။ နောက်နေ့မနက်မီးလင်းနေပြန်ရော။ ဝပ်ရှော့သွားပြီးပြန်စစ်တော့လည်း ဘာအပြစ်မှမတွေ့ဘူး။ အကောင်းပဲကွာ။ တလောကတောင် ပိုပြီးထူးတာနဲ့ ကြုံခဲ့ရသေးတယ်။ လူခြေတိတ်ချိန်မှာ ကားဟွန်းက ထမြည်ခဲ့တာ။ ဒီကားတစ်ခုခုထူးနေတာတော့ အမှန်ပဲသူငယ်ချင်း'

'မင်းပြောခဲ့တာတွေက တော်တော်ထူးပြီး မယုံနိုင်စရာတွေဘဲ'

'ကားက ခဏခဏပြဿနာဖြစ်တော့ ငါ့ပါးစပ်က အယုတ္တအနတ္တတွေ ပြောမိတယ်။ စိတ်တိုလာပြီး ဆဲဆိုမိခဲ့တဲ့အထိဖြစ်ခဲ့တယ်။ အဲဒီမှာ ပြဿနာစတော့တာပဲ'

'ဘယ်လိုပြဿနာလဲ'

'ငါ့ကို အိပ်မက်ပေးခဲ့တာ။ အက်ဆီးဒင့်ဖြစ်ပြီးသေသွားတဲ့ သုံးယောက်ပေါ့။ သူတို့ကားထဲမှာရှိနေတယ်တဲ့။ သူတို့ကိုမေ့ထားလို့ သတိပေးတာတဲ့။ သူတို့ မလွတ်မကျွတ်ဘဲရှိနေတယ်ထင်ပါရဲ့ကွာ'

'မင်းက အဖြစ်အပျက်သိထားတော့ စိတ်စွဲပြီးအိပ်မက်မက်တာများလားကွာ'

'မဟုတ်ဘူးကျော်တင့်။ ငါ မသင်္ကာဖြစ်ခဲ့တာကြာပြီ။ တစ်ယောက်တည်း ညဘက်ကားမောင်းသွားတုန်းတစ်ယောက်ယောက် နောက်က လှမ်းဆွဲလိုက်သလိုမျိုးကြုံခဲ့တာ။ တစ်ခါတလေ ကားလက်ကိုင်ကို အသေအချာကိုင်ထားရက်နဲ့ တစ်ဖက်ဖက်ကို ဆွဲသွားတာမျိုးလည်း

စာမျက်နှာ ၁၇ သို့-

စာမျက်နှာ ၁၆ မှ-

ကြုံခဲ့တယ်'

'ဟင် ဟုတ်လား။ အဲဒီလိုမျိုးဖြစ်သွားတော့ တိုက်မိပွတ်မိတာတွေဖြစ်ခဲ့သေးလား'

'သတိကောင်းလို့ပေါ့ကွာ။ ပလက်ဖောင်းကိုဝင်တိုးမိတာပဲ ကြုံခဲ့တယ်။ ငါ ဒီကားကိုကြောက်လာပြီ။ အိပ်မက်လည်း ပေးခဲ့တယ်။ လက်တွေ့လည်း ကြုံခဲ့ရပြီးပြီ။ ဒီအတိုင်းဆက်သွားနေရင် တစ်နေ့နေ့ပြဿနာဖြစ်လာမယ်ထင်တယ်'

'ဒီတော့ မင်းဘယ်လိုဆက်လုပ်ချင်လဲ'

'ရတဲ့ဈေးနဲ့ ပြန်ထုတ်တော့မယ်။ အဲဒါ မင်းကိုလာတိုင်ပင်တာ'

'မင်းပိုင်တဲ့ကားဖြစ်နေပြီ။ ငါ့ကိုလည်း ပေးသင့်သလောက်ပေးပြီးပြီ။ မင်းကြိုက်သလိုလုပ်ပါ'

'မင်းကားအကြောင်း မင်းသိအောင်လို့ လာပြောပြတာ။ ငါမမောင်းရဲတော့လို့ ဂိုဒေါင်ထဲ ဒီအတိုင်းထည့်ထားတာ။ ဝယ်သူပေါ်တော့မှပဲ ထုတ်ရောင်းတော့မယ်'

'ဒီလောက် ဈေးလျှော့ထားမှတော့ ဝယ်သူပေါ်လာမှာပါ။ ခုအချိန်ပေါက်ဈေးနဲ့ဆို ဘယ်နည်းမလဲ'

ကားအကြောင်း ထိုသို့လာရောက်ပြောဆိုပြီးနောက်ပိုင်း ဦးမင်းသိန်းနှင့် အဆက်အသွယ်ပြတ်ခဲ့သည်။ ဦးကျော်တင့်မှာလည်း မိမိအလုပ်ကိစ္စများဖြင့် လုံးလည်ချာလည်ဖြစ်နေရင်း ကားကိစ္စမေ့မေ့ပျောက်ပျောက်ဖြစ်နေခဲ့သည်။ လေးငါးခြောက်လခန့် အချိန်ကုန်သွားခဲ့သည်။ တစ်နေ့ ဦးကျော်တင့်နေအိမ်သို့ အမျိုးသမီးတစ်ဦး ရောက်လာသည်။ အသက်လေးဆယ်နီးပါးဝန်းကျင်ခန့်ရှိပြီး ရုပ်ရည်ချောမောလှပသူဖြစ်သည်ကို တွေ့ရသည်။

'ဒီကဦးက ဦးကျော်တင့်ပါနော်'

'ဟုတ်ပါတယ် တူမကြီး။ ဘာကိစ္စရှိလို့လဲ'

'ပါဂျဲရိုးကားတစ်စီးဝယ်ဖို့ ဦးဆီလာခဲ့တာပါ။ လက်ရှိပေါက်ဈေးထက်ဈေးက သိပ်ချိုနေတယ်။ အားလုံးစစ်ဆေးကြည့်ပြီးပါပြီ။ မူလပိုင်ရှင်စုံစမ်းရင်း ဦးဆီရောက်လာတာ။ ကျွန်မရန်ကုန်သူမဟုတ်ပါဘူး။ မိုးကုတ်သူပါ'

'ဒါဆို တူမကြီး ကျောက်အကြောင်း တော်တော်နားလည်မှာပေါ့'

'နည်းနည်းပါးပါးလောက် သိတာပါ။ ခုမှ လက်သင်ပါပဲ။ ဒီလောကထဲဝင်လာတော့ ကားက လိုလာပြီလေ။ ဒီလောက်ဈေးချိုတဲ့ကား ဘာလို့ဝယ်တဲ့သူမရှိဖြစ်နေတာစုံစမ်းတော့မှ ဒီကားအကြောင်း သိခဲ့ရတာ။ ပိုပြီးပြည့်ပြည့်စုံစုံသိချင်လို့ ဦးဆီရောက်လာတာ'

'မင်းသိန်းဆီက လိပ်စာရခဲ့တယ်နဲ့တူတယ်'

'ဟုတ်ပါတယ် ဦးမင်းသိန်းက ဦးဆီလွှတ်လိုက်တာပါ။ ဦးက ဒီကားအကြောင်းကို ပြည့်ပြည့်စုံစုံပြောပြမယ်တဲ့။ ဦးမင်းသိန်းက ကားကို သိပ်ရောင်းချင်နေတာ။ မောင်းလည်း မမောင်းဘူးဆိုတော့ ငွေတွေအိပ်နေတာပေါ့'

'တူမကြီးက တကယ်ဝယ်ပြီးစီးမယ့်သူဆိုတော့ ကားအကြောင်းသိထားသင့်တာပေါ့လေ။ ဒီကားက ဦးရဲ့တစ်ဦးတည်းသောသားအတွက် ရည်ရွယ်ပြီးဝယ်ခဲ့တာ သားက အမြတ်တနိုးနဲ့ တသသဖြစ်နေခဲ့တာ။ ဦးဘာကြောင့် မင်းသိန်းကိုရောင်းလိုက်ရတာရယ်၊ မင်းသိန်းက ဘာကြောင့်ဈေးချိုချိုနဲ့ပြန်ရောင်းရတာရယ်၊ အဲတာတွေက အကြောင်းရှိပါတယ်။ ဒီကားရဲ့ရာဇဝင်က ဒီလိုပါတူမကြီးရယ်'

ဦးကျော်တင့်က ကားအက်ဆီးဒင့်ဖြစ်ပြီး သုံးယောက်စလုံး သေဆုံးခဲ့ရပုံ၊ ပြီးနောက် မင်းသိန်းတွေ့ကြုံခဲ့ရသည့် မယုံနိုင်ဖွယ်အဖြစ်ဆန်းများကို ပြည့်ပြည့်စုံစုံပြောပြလိုက်သည်။ ကားအကြောင်းပြောနေသော ဦးကျော်တင့်မျက်နှာက ထိခိုက်ကြေကွဲနေသည်။

'သြော် ဒီအကြောင်းတွေကြောင့် ရောင်းမထွက်ဖြစ်နေတာကိုး။ ပရလောကသားတွေ၊ ဝိညာဉ်တွေဆိုတာ မယုံလို့မရဘူးဦးရဲ့။ မမြင်မတွေ့နိုင်တဲ့ ဆန်းကြယ်တဲ့လျှို့ဝှက်ချက်တွေ ရှိတတ်ပါတယ်။ ဦးမင်းသိန်းက အယုတ္တအနတ္တတွေပြောပြီး ဆဲဆိုနှုတ်ကြမ်းခဲ့တော့ မကျေမနပ်ဖြစ်ပြီး သူ့တို့အရိပ်အယောင်ပြ နှောင့်ယှက်ကြတာထင်ပါရဲ့။ ကျွန်မသဘောပေါက်ပါပြီ'

'အကြောင်းစုံသိရတော့ ငါ့တူမကြီး မကြောက်ဘူးလား။ ဒီကားကို ဝယ်ဦးမလား'

'ဝယ်မယ်လို့ ဆုံးဖြတ်လိုက်ပါပြီ'

'အင်း ဒါဆိုလည်း မင်းသိန်းစိတ်ချမ်းသာရပြီပေါ့ကွယ်'

နောက်တစ်လခန့်အကြာတွင် မင်းသိန်းကား ရောင်းချလိုက်ပြီဖြစ်ကြောင်းသိရသည်။ မင်းသိန်းကျေနပ်ခဲ့သလို ဦးကျော်တင့်လည်း ဝမ်းသာခဲ့ရသည်။ ဤကားအကြောင်း လုံးဝမသိလို၊ မတွေ့လိုတော့သော ဦးကျော်တင့် ပို၍ပင်ကျေနပ်ခဲ့သည်။ ရောင်းချလိုက်ပြီးနောက်ပိုင်း ပိုင်ရှင်အသစ်နှင့် ပါဂျဲရိုးမည်သို့ပြဿနာဖြစ်သည်ကိုလည်း မကြားရတော့ပေ။ တစ်စုံတစ်ရာပြဿနာဖြစ်ခဲ့ပါက ဝယ်ယူသူအမျိုးသမီးရောက်လာမည်ဖြစ်သည်။ ဦးကျော်တင့်ရော၊ မင်းသိန်းပါ ကားကိစ္စမေ့ပျောက်နေကြတော့သည်။ ဤသို့ဖြင့် ကားရောင်းလိုက်သည်မှာ ငါးနှစ်ကျော် ခြောက်နှစ်ခန့်ရှိခဲ့ပြီဖြစ်သည်။

ဦးကျော်တင့်မှာ ကျန်းမာရေးကြောင့်လည်းကောင်း၊ အသက်အရွယ်ရလာ၍လည်းကောင်း မိမိလုပ်ငန်းများမှအနားယူပြီး အေးအေးလူလူပင် နေထိုင်လျက်ရှိတော့သည်။ မိုးရာသီမိုးဖွဲဖွဲရွာနေသော နေ့တစ်နေ့တွင် ဦးကျော်တင့်အိမ်ရှေ့သို့ကားတစ်စီး ထိုးဆိုက်ရောက်ရှိလာသည်။ ခြံဝသို့လှမ်းကြည့်လိုက်ရာ ရုတ်တရက် အံ့သြသွားမိသည်။ အိမ်ရှေ့သို့ ရောက်ရှိလာသောကားမှာ ပါဂျဲရိုးနို့နှစ်ရောင်ဖြစ်နေသည်။ မိမိကိုယ်တိုင်မောင်းနှင်စီးနင်း အသုံးပြုခဲ့ဖူးသောကားဖြစ်နေသည်။ ကားပေါ်မှအသက်လေးဆယ်ကျော်ခန့် အမျိုးသမီးတစ်ဦး ဆင်းလာသည်။ မြင်ဖူးသောမျက်နှာဖြစ်နေ၍ ဦးကျော်တင့်စဉ်းစားလိုက်သည်။ ကျောက်လောကတွင် အောင်မြင်နေသော ဒေါ်ခင်ခင်တင့်ဆိုသူဖြစ်နေသည်။ အခြားသူမဟုတ်ပေ။ လွန်ခဲ့သောငါးနှစ်ခန့်က ဦးကျော်တင့်အိမ်သို့ရောက်လာပြီး ယခုသူမစီးလာသောကားအကြောင်း လာရောက်မေးမြန်းခဲ့သူ ဖြစ်နေသည်။ အမျိုးသမီးက နှုတ်ဆက်စကားဆိုရင်း အိမ်ပေါ်တက်လာသည်။

'ဦး နေကောင်းရဲ့လား။ ကျွန်မကို မှတ်မိပါတယ်နော်'

'မှတ်မိပါတယ်ကွယ်။ ကားကိုတွေ့လိုက်ရတော့ အံ့သြနေခဲ့တာ။ တူမကြီးကားဝယ်ပြီးနောက်ပိုင်း အဆက်အသွယ်ပြတ်ခဲ့ကြတာ။ ဦးက အနားယူနေပြီကွဲ့'

'ဦးက အနားယူလိုက်ပြီကိုး။ ဒါကြောင့် မတွေ့ရတော့တာ။ ကျွန်မနာမည် ခင်ခင်တင့်ပါ။ အားလုံးက မတင့်လို့ပဲ ခေါ်ကြတယ်'

'သြော် မတင့်ကို ကျောက်လောကမှာ မသိသူမရှိသလောက်ပါပဲ။ ကျောက်လောကမှာတော့ ဆရာတစ်ဆူဖြစ်နေပြီကိုး။ တွေ့ရတာ ဝမ်းသာပါတယ်'

'ဦးပြောသလောက်လည်း မဟုတ်သေးပါဘူးလေ'

'ဒါနဲ့ ဦးဆီလာတာ ဘာကိစ္စများရှိလို့လဲ'

'ကျွန်မ အလှူတစ်ခုလုပ်မလို့ပါ။ ဦးကိုလည်း ဖိတ်ချင်လို့ပါ။ ဦးဟာ ကျွန်မတို့ကျောက်လောကသားတစ်ဦးပဲလေ။ ပြီးတော့ ကျွန်မစီးနေတဲ့ ကားရဲ့မူလပိုင်ရှင်ဖြစ်လို့ ဖိတ်သင့်တယ်လေ။ ကားအက်ဆီးဒင့်မှာ ကွယ်လွန်ခဲ့တဲ့သူတွေကိုလည်း ရည်စူးပြီး အမျှအတန်းဝေချင်လို့ပါ'

'ဘာ ကွယ်လွန်ခဲ့ပြီးသူတွေကို ရည်စူးပြီး အမျှအတန်းဝေမယ်ဆိုတော့ ခုစီးနေတဲ့ကားက ပြဿနာရှိနေလို့လား။ မင်းသိန်းလို ပြဿနာဖြစ်ပြန်ပြီလား'

'ပထမစစီးတုန်းက ဦးမင်းသိန်းလိုပဲ ပြဿနာတွေတွေ့ခဲ့ရတယ်။ မောင်းနေရင်းနဲ့ ထိုးရပ်သွားတာ၊ မီးပိတ်ထားပေမယ့် မနက်ကြတော့မီးလင်းနေတာ၊ စက်အလိုလိုနိှုးနေတာတွေ ကြုံခဲ့ရတယ်။ အကြောင်းသိပြီးသားဆိုတော့ ကျွန်မမကြောက်ပါဘူး။ ကျွန်မက ဦးမင်းသိန်းလို အယုတ္တအနတ္တတွေ မပြောဘူး။ ကုန်ကုန်ပြောမယ်။ စကားကြမ်းကြမ်းတောင် မပြောခဲ့ဘူး။ ဆဲဆိုဖို့တော့ ဝေးရောပဲ။ သူတို့ရှိကြောင်း ကျွန်မကိုပြခဲ့တယ်။ ကျွန်မအလုပ်သွားတိုင်း သူတို့ကိုမေတ္တာပို့တယ်။ ပြီးမှအလုပ်တွေ ဆက်လုပ်တယ်။ အိပ်ရာဝင်ဘုရားရှိခိုးတိုင်း သူတို့ကို အမျှအတန်းဝေတယ်'

'ဟုတ်လား ဒါတွေကြောင့် ငါ့တူမက ဒီကားနဲ့ဘာပြဿနာမှမဖြစ်ခဲ့တာကိုး'

'ခုလာတာ အလှူလုပ်မယ့်ရက်အတိအကျသိချင်လို့ပါ။ ဦးရဲ့သားက ဒန်ပေါက် တော်တော်ကြိုက်ခဲ့သူမဟုတ်လား'

'ဟုတ်တယ်။ သားက ဒန်ပေါက်သိပ်ကြိုက်တာ။ နေပါဦး၊ ဦးရဲ့သား ဒန်ပေါက်ကြိုက်တာ ဘယ်လိုသိခဲ့တာလဲ။ ဘယ်သူပြောပြတာလဲ'

'ဘယ်သူမှ ပြောပြတာမဟုတ်ဘူး။ ကားဝယ်ပြီးတဲ့နေ့ကစပြီး သူတို့ကိုမေတ္တာပို့တယ်။ အမျှအတန်းဝေတယ်။ မကြာပါဘူး ကျွန်မကိုအိပ်မက်ပေးခဲ့တယ်။ သူတို့မနှောင့်ယှက်တော့ပါဘူးတဲ့။ ပြီးတော့ သူတို့ကားထဲမှာပဲ ဆက်နေပါရစေတဲ့။ သူတို့ကြိုက်တာ ဝယ်ကျွေးပါလို့အိပ်မက်ပေးခဲ့တာ။ ဘာကြိုက်တာလဲလို့ ပြန်မေးတော့ ဒန်ပေါက်လို့ပြောတယ်။ ဒါကြောင့် ဦးရဲ့သားဒန်ပေါက်ကြိုက်တာ သိခဲ့ရတာ။ အဲဒီလိုအိပ်မက်မက်ပြီးနောက်ပိုင်း ကျွန်မအလုပ်ကြီးအကိုင်ကြီးလုပ်မယ့်အချိန်တိုင်း ဒန်ပေါက်သုံးထုပ်ဝယ်ပြီး ကားနောက်ခန်းမှာ တင်ပေးထားလိုက်တယ်။ သူတို့ကြိုက်တာ ဆောင်ရွက်ပေးခဲ့လို့ထင်တယ်။ ဘာအနှောင့်အယှက်မှ မတွေ့ရတော့ဘူး။ ပြီးတော့ အလုပ်လုပ်ရတာလည်း ပိုပြီးအောင်မြင်လာတယ်။ တစ်ဦးမေတ္တာတစ်ဦး ဆိုသလိုပေါ့။ သူတို့ကူညီနေတယ်လို့တောင် ကျွန်မထင်နေခဲ့တယ်။ သူတို့ကိုမေတ္တာပို့ပြီး သူတို့ဆန္ဒလိုက်လျောပေးခဲ့လို့ ကျွန်မကိုပြန်ပြီး ကူညီနေတာများလား မပြောတတ်တော့ဘူး။ ဒီကိစ္စမျိုးတွေက ပြောရခက်လှပါတယ်။ လုံးဝမယုံလို့လည်း မဖြစ်ဘူးလေ။ ကျွန်မအလုပ်တွေ အရမ်းအောင်မြင်ပြီး နာမည်ရလာတာ ဦးလည်းအသိပဲလေ'

'ငါ့တူမကြီး အောင်မြင်နေတာ အမှန်ပဲ။ ဒို့ထက်လည်း ပိုပြီးအောင်မြင်ဦးမှာပါ'

'ဒါနဲ့ သူတို့ဆုံးသွားခဲ့တာ ဘယ်နေ့လဲ။ အတိအကျသိချင်လို့ပါ။ ဦးမှတ်မိတယ်နော်'

'ဘယ်မေ့ပါ့မလဲ တူမကြီးရယ်။ ဆယ်တန်းတွေ အောင်စာရင်းထွက်တဲ့နေ့တစ်နေ့။ အဲဒီနှစ်တုန်းက ဇူလိုင်လ ၁ ရက်နေ့။ စနေနေ့ပေါ့ကွယ်။ ဘာဖြစ်လို့ မေးတာလဲ'

'ဇူလိုင်လ ၁ ရက်နေ့နော်။ ကျေးဇူးပဲ။ အဲဒီနေ့မှာ ဒန်ပေါက်ဆွမ်းကပ်မယ်။ ဦးကိုလည်း ဖိတ်ပါတယ်။ ဒီမှာ ကျွန်မလိပ်စာ။ ဆက်ဆက်လာပါ ဦးရယ်'

ဒေါ်ခင်ခင်တင့်က သူမလိပ်စာကတ်ပြားလေးတစ်ခု ဦးကျော်တင့်ကို ကမ်းပေးလိုက်သည်။ ပြီးနောက် ဦးကျော်တင့်ကိုနှုတ်ဆက်ပြီး ပြန်သွားသည်။ ခြံထဲမှထွက်သွားသော ကားနောက်ပိုင်းကို ဦးကျော်တင့်လှမ်းကြည့်လိုက်မိသည်။ ကားနောက်ခန်းအပေါ်ဘက်တွင် ဒန်ပေါက်ထုပ် သုံးထုပ်ကို တွေ့လိုက်ရသည်။

❑


NattYaeKan
ဒေါက်တာမသဇင်၏
နတ်ရေကန်
ဆေးခန်း
အဝလွန်ကုသခြင်း
လူကိုငယ်အောင်ပြုလုပ်ခြင်း
V Face
မေးနစ်ထပ်ကုသခြင်း
ခန္ဓာကိုယ်ကို လိုသလိုပုံသွင်းခြင်း
ဝက်ခြံကုသခြင်း
ဝက်ခြံအမာရွတ်ကုသခြင်း
တင်းတိပ်၊ မဲ့ခြောက်ကုသခြင်း
မဲ့ဖျက်ခြင်း
မျက်ကွင်းညိုခြင်း၊ မျက်အိတ်ကြီးခြင်းကုသခြင်း
မခွဲစိတ်ဘဲ မျက်ရစ်ဖော်ခြင်း
နယ်မှလာရောက်လိုသူများအတွက်
ဆေးခန်းအနီးတွင်
ဟိုတယ်စီစဉ်ပေးနိုင်ပါသည်
ALL DERMA MEDICAL CLINIC
FACE & BODY FIRMING CREAM 100ML
Formulae C
CRYSTAL WHITE CAPSULES
Myanmar
12(B), Pyi Thar Yar Street, Baukhtaw,
(Corner of Say Yone Street), Yankin Township, Yangon.
Phone: 09 795400200, Fax: 01 543312
Email: nattyaekanclinic@gmail.com
Singapore
International Building
No.360, Orchard Road,# 03-14/15 "All Derma Medical Clinic"
Phone: + 65 62380979, + 65 98364006
Email: allderma.orc@gmail.com

# အဘဘထ

ရှတိုင်းကျန်းမာ

တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ချိရေး

အဘဘထ

စေတနာ



"ထ" အမှတ်တံဆိပ် ရှုဆေး(၂)

နလုံးရောဂါဆေး

အနာဘုရင်လိမ်းဆေး

ဆီးဝမ်းမှန်၊ နက်ကျော်ဆေး

သွက်ချာပါဒ လေငန်းဆေး

ဖြန့်ချိရေး - အမှတ်-၁၅၀၊မြို့ပတ်လမ်း၊ရွာမအနောက်၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။

ဖုန်း - ၀၉ ၃၁၆၉၇၁၁၇၊၀၁ ၆၄၇၄၂၈၊၀၉ ၇၃၂၄၂၁၂၇၊၀၉ ၅၀၄၃၃၅၆၃

# မြင့်မြတ်တော်ဝင်

ဦးနောက်အာရုံကြော နှင့် စိတ်ပိုင်းဆိုင်ရာ

အထူးကုဆေးခန်း

လိပ်စာ-အမှတ် G ၁၃/၁၅-တာဝါ(ခ)

ဒိုင်းမွန်းကွန်ဒိုပြည်လမ်းကမာရွတ်

ရန်ကုန်မြို့။

ဖုန်း-၀၉-၃၂၀၀၆၃၅၀

# JOC MYANMAR GARMENTS CO.,LTD



Thar Du Kan Road, Plot No (5),
Myay Taing Block No (E-12), Thar Du Kan
Industrial Zone, Shwe Pyi Thar
Township, Yangon, Myanmar.
Tel : +95 9 455008689, 09 768662416,09 962236841
Email : pannuyoung30@gmail.com


# THY Garment



Adress : No.313, 8th Street, Yangon Industrial Zone,
Mingalardon Township, Yangon, Myanmar.

Mobile : 09-428 366 217




09 731 80000, 099 7700 8888